မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၃၀ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၃၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Colonel, Le Van Thanh နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Colonel, Nguyen Van Vui တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Colonel, Le Van Thanh (ဝဲပုံ)**နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Colonel, Nguyen Van Vui** (ယာပုံ)**တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး **Sr. Colonel, Le Van Thanh** နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Sr. Colonel, Nguyen Van Vui** တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်)

အရည်အသွေးရှိသောပညာရေးဖြစ်ရန် ဆရာဆရာမများ ကြိုးပမ်းစွမ်းဆောင် အနာဂတ်မျှော်မှန်းချက် ပညာရေးကဏ္ဍမှတစ်ဆင့် ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားပညာရည်အဆင့်အတန်း မြင့်မားရန်အတွက် နှစ်၃၀နှစ်ရှည်စီမံကိန်းတစ်ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

ယင်းစီမံကိန်းတွင် ဆရာ ဆရာမများ၏ အရေးပါသောအခန်းကဏ္ဍကို အလေးအနက်ထားထည့်သွင်းထားပြီး ဆရာအတတ်ပညာ အရည်အသွေး မြင့်မားရေးလုပ်ငန်းကို အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများဖွင့်လှစ်၍ အကောင်အထည်ဖော်ခဲ့သည်။

ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတကာ၌ လေးနက်သည့်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံ၌ ပညာရေးကိုအခြေစိုက်ပြီး နိုင်ငံလိုအပ်ချက်နှင့်အညီ တိုးတက်ပြောင်းလဲလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် တစ်ပြေးညီ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ တိုးတက်မြင့်မားလာစေရန် နည်းပညာပြောင်းလဲမှုများနှင့်ယှဉ်တွဲပြီး အသိပညာများ တိုးတက်လာစေရန် ပညာရေးကဏ္ဍမှတစ်ဆင့် မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ယင်းသို့ မြှင့်တင်ဆောင်ရွက်ရာတွင် ဆရာ ဆရာမများအပါအဝင် ပညာရေးကဏ္ဍနှင့် ဆက်နွယ်သူအားလုံးသည် နိုင်ငံနှင့်လူမျိုးအတွက်ဆိုသည့် အသိအမြင် အစဉ်ထာဝရ နိုးကြားတက်ကြွစွာဖြင့် မရပ်မနား ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်သည်။

ယခုအခါ ကျေးလက်နှင့်မြို့ပြ ပညာသင်ယူနိုင်မှုအခွင့်အလမ်း အညီအမျှဖြစ်ထွန်းနေပြီဖြစ်ရာ ပညာရည်အဆင့်အတန်း ကွာခြားချက်တဖြည်းဖြည်းညီမျှလာစေရန် ကျေးလက်အခြေခံပညာကျောင်းများ၏ ပညာရည်အရည်အသွေးကို ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် ဆရာ ဆရာမများက အလေးအနက်ထား သင်ကြားပို့ချကြရမည်ဖြစ်သည်။

သို့ဖြစ်၍ အရည်အသွေးရှိသော ပညာရေးဖြစ်ထွန်းလာစေရန် အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများသည် အဓိကကျပေရာ အနာဂတ်ကာလ မျှော်မှန်းချက်များနှင့်အညီ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရန် ပညာရေးကဏ္ဍမှတစ်ဆင့် ဆက်လက်ပြုစုပျိုးထောင် ပေးသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြစ်ကြီးနားမြို့နယ်စည်ပင် ဧရာဝတီမြစ်ကမ်း တစ်လျှောက် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်း

မြစ်ကြီးနား အောက်တိုဘာ ၂၉

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သန့်ရှင်းသာယာလှပရေး ညွှန်ကြားချက်(၁၆)ချက်နှင့်အညီ ကျန်းမာသန့်ရှင်းရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက်က မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက် ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် မြေထိန်းနံရံပေါ်ရှိ အမှိုက်၊ ချုံနွယ်နှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် ဒုတိယဦးစီးမှူး(ဈေး)ဒေါ်ရွယ်ဂျာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြဝတီရုပ်မြင်သံကြား

၃၀-၁၀-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၁၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၄၃)
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၁၇)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၁၉)

ပုဏ္ဏားကျွန်းမြို့၌ ကွန်ကရစ်တံတားတည်ဆောက်

ပုဏ္ဏားကျွန်း အောက်တိုဘာ ၂၉

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့ပြတံတား(ငွေလုံး) တည်ဆောက်ရေးလုပ်ငန်းအဖြစ် မြို့ပတ်လမ်း ရွာဟောင်းရပ်ကွက် ကွန်ကရစ်တံတားတည်ဆောက်နေမှုကို အောက်တိုဘာ၉ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၂၉

ဦးစည်သူ(**Director, Native Myanmar Enterprise Co., Ltd.**)သည် ကစားဖော်များဖြစ်ကြသော ဦးအောင်ထွေး၊ ဦးဇော်ဝင်းနိုင်(မော်ရွှေလီ)၊ ဦးဝင်းမောင်(**Robot**)တို့နှင့်အတူ အောက်တိုဘာ၂၅ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ **Tour Special No.(1)**ဘောလုံးကို **Taylormade Iron No.(8)** သံတုတ်ဖြင့်ရိုက်ရာ ၁၄၂ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

အလားတူပင် ဦးဝင်းညွန့် (နွေးနွေးခြည်ရော်ဘာခြံ)သည် ကစားဖော်များဖြစ်ကြသော ဦးဝင်းဆွေ၊ ဦးစောထွန်းဦး၊ ဦးကျော်ကျော်မင်းတို့နှင့်အတူ အောက်တိုဘာ၂၆ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ **Srixon Softfeel No.(2)** ဘောလုံးကို **Ping Eye-3 Iron No.(5)** သံတုတ်ဖြင့်ရိုက်ရာ ၁၇၃ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၂)သို့ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ် အခြေခံပညာမူလတန်းကျောင်းများ ဆောက်လုပ်ပြီးစီးမှု တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့နံနက် ၉နာရီက တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တွံတေးမြို့နယ် ရွှေမယင်းဒေသရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ရွှေမယင်းငါးမွေးမြူရေးစခန်း၌ ငါးခေါင်းပွ၊ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန် စုစုပေါင်းကောင်ရေ ၁၀သိန်းကျော် မွေးမြူထားမှု၊ ငါးမျိုးစုံဖြစ်ထွန်းအောင်မြင်မှုများနှင့် တူးဖော်ပြီး ငါးကန်ဧရိယာ ၈၆၄ဧကကျော်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် တွံတေးမြို့နယ်ရှိ ဇီးဖြူကုန်းရေထိန်းတံခါး၊ ကန်ဘဲ့ကျေးရွာအုပ်စုရှိ အလှူရှင် ဦးဝင်းလွင်ဦး(မြန်မာ့စကားပန်း ခရီးသွားလာရေးလုပ်ငန်း)က လှူဒါန်းသည့် ကဘင်းအခြေခံပညာမူလတန်းကျောင်းနှင့် အလှူရှင် ဦးခင်ဇော်(Tour Mandalay)ကုမ္ပဏီက လှူဒါန်းသည့် ဘုရားငုတ်တိုမြောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ ဆောက်လုပ်ပြီးစီးမှု**(အပေါ်ပုံ)**ကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း(မြောက်ဥက္ကလာပ)၏ ဘဏ္ဍာစွမ်းရည်ပြိုင်ပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ပုံပြောပြိုင်ပွဲ ပထမဆုရ ရင်သွေးငယ် မောင်သူရိန်မျိုးမြင့်အား ရန်ကုန်တိုင်း လူမှုဝန်ထမ်းရုံးမှ လက်ထောက် တိုင်းဦးစီးမှူး ဦးခင်မောင်ငြိမ်းက ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

လေဘေးသင့်ဒေသ လူနေအိမ်များ ဆောက်လုပ်ရန် ဂျပန်အစိုးရက ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

လေဘေးသင့်ဒေသများ၌ လူနေအိမ်များ ဆောက်လုပ်လှူဒါန်းရန် အလှူရှင် ဂျပန်နိုင်ငံအစိုးရက IOM (International Organization for Migration) သို့ အမေရိကန်ဒေါ်လာသုံးသန်းကို ဂျပန်သံရုံးမှ Deputy Chief of Mission Mr.Kazuyuki Takeuchi က ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းရာ IOM မှ Mr.Maciej Pieczkowski (Acting Chief of Mission) က လက်ခံသည်။

တက်ရောက်

အဆိုပါ ငွေလှူဒါန်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အလှူရှင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ဆန်စပါး သုတေသနဌာန(မှော်ဘီ) နှစ်(၁၀၀)ပြည့်အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါးသုတေသနဌာန(မှော်ဘီ)၏ နှစ်(၁၀၀)ပြည့် ၁၉၀၈-၂၀၀၈ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးတို့က နှစ် (၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာ့ဆန်စပါးသုတေသနဌာန (မှော်ဘီ)၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ကြည့်ရှု

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆန်စပါး သုတေသနဌာန (မှော်ဘီ)ပြခန်း၌ပြသထားသော မျိုးကောင်းမျိုးသန့် စပါးများ၊ မျိုးစေ့သန့်စင်မှုစစ်ဆေးခြင်း၊ မျိုးစေ့အစုံ တိုင်းတာခြင်း၊ မျိုးစေ့အပင်ပေါက် စမ်းသပ်ခြင်း၊ မျိုးစေ့အပင်ပေါက်များရွေးချယ်ခြင်း၊ သဘာဝမြေဩဇာများ၊ စပါးဖျက်ပိုးများနှင့် ရောဂါများ၊ ပိုးသတ်ဆေးအမျိုးမျိုး၊ အဆင့်မြင့်မျိုးနှင့် အထွက်ကောင်းမျိုးများ၊ ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးသောစပါးမျိုးသစ် ငါးမျိုး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ မျိုးစေ့ခြံများနှင့် မျိုးစေ့သန့်စင်စက်များ တည်နေရာပြမြေပုံ၊ မြန်မာ့ဆန်စပါးသုတေသနဌာန၏ သမိုင်းအကျဉ်း၊ မြန်မာ့ဆန်စပါး သုတေသနဌာနမှ ထုတ်ဝေဖြန့်ဖြူးခဲ့သော စပါးမျိုးများ၊ စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုအခြေအနေနှင့် မြန်မာ့ဆန်စပါး သုတေသနဌာန၏ ဆောင်ရွက်ချက် မှတ်တမ်းတင် ဓာတ်ပုံနှင့် ပိုစတာများကို ကြည့်ရှုကြသည်။

ယင်းနောက် အထိမ်းအမှတ်အခမ်းအနားကို အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က မြန်မာ့ဆန်စပါး သုတေသနဌာန(မှော်ဘီ)၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ (မျိုးစေ့ဌာနခွဲ)ဦးစံညွန့်က မြန်မာ့ဆန်စပါးသုတေသနဌာန(မှော်ဘီ)၏ လုပ်ငန်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး အထိမ်းအမှတ်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မြန်မာ့ဆန်စပါးသုတေသနဌာန သုတေသနစိုက်ခင်းသို့ သွားရောက်ကြပြီး စိုက်ပျိုးထားသည့် မှော်ဘီ(၂)၊ မှော်ဘီ(၃)၊ မှော်ဘီ(၄)၊ မှော်ဘီ(၅)၊ မှော်ဘီကောက်ညှင်းမွှေး၊ ဆင်းသွယ်လတ် အခြေခံအဆင့်အလိုက် မျိုးများစိုက်ပျိုးထားမှု၊ ဆင်းသွယ်လတ် (တောင်သူမျိုးစေ့)၊ မှော်ဘီ(၅)(ဗန်းပျိုး)၊ မှော်ဘီ(၅) (သံဆန်ခါကွက်ပျိုး)၊ မှော်ဘီ(၅) (ပျိုးသက်နုအသုံးပြု ဗန်းပျိုးစနစ်)၊ မှော်ဘီ (၅)(ပေါင်ပျိုး)၊ မှော်ဘီ(၅) (ရိုးရိုးသမန်းပျိုး) သုတေသနပြစိုက်ခင်းများ ပျိုးသက်အလိုက် စပါးပင်များ၊ စပါးမျိုးကွဲများ၏ အရည်အချင်း လက္ခဏာများကို လေ့လာခြင်း ပျိုးခင်းများကိုလည်းကောင်း၊ ရိတ်သိမ်းထားသော ဆင်းသွယ်လတ် စပါးကောက်လှိုင်းများအား စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်ဖြင့် သုတေသနစိုက်ခင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျိုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့ဆန်စပါးသုတေသနဌာန(မှော်ဘီ) သုတေသနစိုက်ခင်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ် ရစ်ချ်တာစကေး ၆ဒသမ၄ ရှိပြီး သေဆုံးသူ ၁၇၀ ရှိ

ကွိုင်ယက်တာ(ပါကစ္စတန်) အောက်တိုဘာ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ အောက်တိုဘာ၂၉ရက် နံနက်စောစောပိုင်းက ရစ်ချ်တာစကေး ၆ဒသမ၄ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ အနည်းဆုံး သေဆုံးသူဦးရေ ၁၇၀ ရှိသွားပြီဖြစ်ကြောင်း၊ ဒဏ်ရာရသူဦးရေလည်းများပြားကြောင်း၊ လူနေအိမ် ၁၅၀၀၀ ခန့် ပြိုကျပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ထိခိုက်မှုအများဆုံးဖြစ်ပွားရာဒေသမှာ ဇီယာရက်ဒေသဖြစ်ကြောင်း၊ ယင်းဒေသ၌ ရွှံ့နှင့်သစ်သားတို့ဖြင့်ပြုလုပ်ထားသော နေအိမ်များ ရာချီ၍ပျက်စီးခဲ့ရာ ရွာငါးရွာရှိကြောင်း၊ အချို့သောနေအိမ်များမှာ မြေငလျင်လှုပ်စဉ် မြေပြိုကျခဲ့မှုကြောင့် မြေအောက်သို့ ရောက်ရှိသွားကြောင်း မြို့တော်ဝန် ဒီလာဝါကာကာက ပြောကြားသည်။

“ဒီငလျင်လှုပ်မှုကြီးက ကြောက်မက်ဖွယ်ပါပဲ၊ တစ်အိမ်မကျန် ပြိုကျသွားခဲ့တယ်” ဟု မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရောဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၉

အောက်တိုဘာ ၂၈ ရက်က ကမ္ဘောဒီးနိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကိုဖော်ပြရလျှင် ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ဝင်ရောက်လာခဲ့သော ရာရှ်မီဆိုင်ကလုန်းမုန်တိုင်းကြောင့် ကျေးရွာပေါင်းရာချီ ရေလွှမ်းခံရပြီး ထောင်ပေါင်းများစွာသော နေအိမ်များပျက်စီးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဂိုရွန်တာလိုပြည်နယ်၌လည်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၉ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရလျှင် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ မွန်ပြည်နယ်၊ စစ်ကိုင်တိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ ဒေသအလိုက် မိုးကြီးခဲ့သည်။ ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာခဲ့သည်။

အောက်တိုဘာ ၃၀ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အောက်တိုဘာ ၃၀ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့နှင့်အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၂၉ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်(သပြေကုန်း)	၂ ဒသမ ၀၁ လက်မ
နေပြည်တော် (လယ်ဝေး)	၁ ဒသမ ၆၅ လက်မ
နေပြည်တော် (တပ်ကုန်း)	၀ ဒသမ ၈၂ လက်မ
ပခုက္ကူ	၃ ဒသမ ၁၉ လက်မ
ကော့သောင်း	၂ ဒသမ ၇၅ လက်မ
ကျောက်ဆည်	၂ ဒသမ ၅၆ လက်မ
မြင်းမူမြို့	၂ ဒသမ ၃၆ လက်မ
မော်လမြိုင်	၁ ဒသမ ၅၄ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

30-10 (03).pmd 1 10/30/2008, 3:01 AM

လော့စ်အိန်ဂျလိစ်၌ အိုးမဲ့အိမ်မဲ့အခြေဆိုက်သူများလာ

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၉

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ အိုးမဲ့အိမ်မဲ့ဖြစ်သူဦးရေ များပြားလာနေကြောင်း၊ ၁၂ ရာခိုင်နှုန်းမျှသာ ညအချိန်တွင် အမိုးအကာများဖြင့် အိပ်စက်ခွင့်ရကြကြောင်း အောက်တိုဘာ ၂၆ရက်နေ့ထုတ် ဒေးလီးသတင်းစာက ဖော်ပြခဲ့သည်။

ကြုံသလိုအိပ်

လော့စ်အိန်ဂျလိစ်မြို့၌ အိုးမဲ့အိမ်မဲ့ ဖြစ်နေသူများသည် လမ်းများပေါ်၌လည်းကောင်း၊ မော်တော်ကားများအတွင်း၌လည်းကောင်း၊ ပန်းခြံများ၌ လည်းကောင်း၊ စွန့်ပစ်အဆောက်အအုံပျက်များ၌လည်းကောင်း ကြုံသလိုအိပ်နေကြရသည်ဟုဆိုသည်။

ကြုံတွေ့ကြရ

ထိုသို့ အိုးမဲ့အိမ်မဲ့ဖြစ်ကြရသူများတွင် ရှေ့နေများ၊ လုပ်ငန်းရှင်များနှင့် အခြားသော ပညာတတ်လူတန်းစားများလည်းပါဝင်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ လွန်ခဲ့သော ၁၈ လတာ ကာလအတွင်း အကူအညီပေးရန်တောင်းခံလာသူ ဦးရေမှာ ၆၆ ရာခိုင်နှုန်းအထိတိုးလာပြီး ထက်ဝက်ခန့်မှာ လူလတ်တန်းစားများဖြစ်ကာ ၄င်းတို့ဘဝတွင် အိုးမဲ့အိမ်မဲ့အဖြစ်ကို ဖွဲ့ဆော်ဦး နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ကြရခြင်းဖြစ်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့ အယ်လ်ဂျီဟက်ဒေသတွင် ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား ငါးဦးသေဆုံး၊ ၂၄ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အယ်လ်ဂျီဟက်ဒေသတွင် အောက်တိုဘာ ၂၈ ရက်က ကားဗုံးခွဲ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူ ငါးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရခဲ့ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနမှ လုံခြုံရေးအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့အနောက်ပိုင်း အယ်လ်ဂျီဟက်ဒေသရှိ ဈေးတစ်ဈေး၏ အပြင်ဘက်တွင် ဖြစ်ပွားခဲ့ပြီး ပြည်သူငါးဦးသေဆုံးကာ ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိနှင့် ဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားခဲ့သည်။

ထုတ်ဖော်

ဘဂ္ဂဒက်မြို့တွင်ပင် ရဲယာဉ်တန်းများကို ပစ်မှတ်ထားသော လမ်းဘေးဗုံးခွဲ တိုက်ခိုက်မှုနှစ်ခုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦး အပါအဝင် ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

အီရတ်၌ အကြမ်းဖက်မှုသည် လေးနှစ်တာကာလအတွင်း လျော့နည်းလာသည်။ သို့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှု စစ်ဆင်ရေးများကို ဆောင်ရွက်နေသည့်ကြားမှပင် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **(အင်တာနက်)**

မိုဆူးလ်တွင် ပစ်ခတ်မှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံး

မိုဆူးလ် အောက်တိုဘာ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ မိုဆူးလ်မြို့တွင် အောက်တိုဘာ ၂၈ ရက်က ရဲတပ်ဖွဲ့ဝင်ရှစ်ဦး ကားနှစ်စီးဖြင့် အလုပ်သို့ သွားရောက်စဉ် လမ်းတွင် သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး ဒဏ်ရာရရှိသူ လေးဦးအား ဆေးရုံသို့တင်ပို့လိုက်ရကြောင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းဖြစ်ရပ်သည် မိုဆူးလ်မြို့ အနောက်ပိုင်း ဆွန်နီလူမျိုးများ နေထိုင်ရာ အယ်လ်အမီးလ်အရပ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ၏ ကျန်သောဒေသအများစုတွင် အကြမ်းဖက် တိုက်ခိုက်မှုများ သိသိသာသာ လျော့ကျသွားချိန်တွင် မိုဆူးလ်မြို့၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်ကို ယခုဖြစ်ရပ်က မီးမောင်းထိုးပြလျက်ရှိကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အိုဘားမားကို လုပ်ကြံရန်ကြံစည်မှု လူဖြူလူငယ်နှစ်ဦးအား ရုံးထုတ်

ဝါရှင်တန် အောက်တိုဘာ ၂၉

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားကို လုပ်ကြံရန် ခြိမ်းခြောက်မှုဖြင့် လူဖြူလူရမ်းကားလူငယ်နှစ်ဦးအား သမ္မတရွေးကောက်ပွဲ မကျင်းပမီ ရက်သတ္တပတ်ခန့်အလို အောက်တိုဘာ ၂၇ ရက်က အမေရိကန်တရားရုံးသို့ ရုံးထုတ်လာသည်။

ပူးပေါင်းကြံစည်

လူမျိုးကြီးဝါဒီ ပေါလ်ရှလက်ဆဲမန်းနှင့် ဒင်နီယယ်ကိုဝပ်တို့နှစ်ဦးမှာ တရားမဝင် လက်နက်ကိုင်ဆောင်မှု၊ သေနတ်ရောင်းသူတစ်ဦးထံမှ လက်နက်ခိုးရန် ပူးပေါင်းကြံစည်မှုတို့ဖြင့်လည်း စွဲချက်တင်ခံနေရသည်။

စစ်ဆေးရန်

သူတို့နှစ်ဦးသည် အပြစ်ရှိကြောင်း ဝန်ခံခြင်းမရှိသေးပေ။ သို့သော် ယခုရက်သတ္တပတ်အတွင်း စစ်ဆေးရန် ရုံးချိန်းပေးလိုက်သည်။ **(အင်တာနက်)**

အာဖဂန်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၅၅၁ဦးအထိ ရှိသွားပြီ

ဝါရှင်တန် အောက်တိုဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံအား ၂၀၀၁ခုနှစ် နှစ်ကုန်ပိုင်းက အမေရိကန်ဦးဆောင်သော တပ်များကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အောက်တိုဘာ ၂၉ ရက်အထိ ၅၅၁ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

အဆိုပါသေဆုံးသွားသည့် အမေရိကန် တပ်ဖွဲ့ဝင်များအနက် ၃၉၉ ဦးမှာ တိုက်ပွဲများဖြစ်ပွားစဉ် ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အာဖဂန်မှအပ အခြားဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင် ၆၆ ဦး သေဆုံးခဲ့ကြောင်း ယင်းတို့အနက် သုံးဦးမှာ တိုက်ပွဲတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်း ၆၆ ဦးသေဆုံးသော အခြားဒေသများမှာ ဂွမ်တာနာမိုရေတပ်အခြေစိုက်စခန်း၊ ကျူးဘား၊ ဒီဂျီ ဘောက်တီ၊ ဘီရစ်တရီယာ၊ အီသီယိုးပီးယား၊ ဂျော်ဒန်၊ ကင်ညာ၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ဆေးရှဲလ်၊ ဆူဒန်၊ တာဂျစ်ကစ္စတန်၊ တူရကီနှင့်ယီမင်နိုင်ငံတို့ ဖြစ်ကြသည်။ **(အင်တာနက်)**

ဆီးရီးယားနိုင်ငံအတွင်း အမေရိကန်တိုက်ခိုက်မှု အန္တရာယ်ကြီးသည့်တင်းမာမှု မီးမွှေးခြင်းဖြစ်

မော်စကို အောက်တိုဘာ ၂၉

အရှေ့အလယ်ပိုင်းရှိ အန္တရာယ်ကြီးသော တင်းမာမှုကို အမေရိကန်က မီးမွှေးပေးလိုက်ကြောင်း ရုရှားနိုင်ငံက အောက်တိုဘာ ၂၇ ရက်တွင် စွပ်စွဲလိုက်သည်။

အီရတ်နယ်စပ်အနီးရှိ ဆီးရီးယားလယ်ယာစခန်း တိုက်ခိုက်လာပါလျှင် ပြစ်တင်ရှုတ်ချသင့်သည်ဟု မိမိတို့ကို အမေရိကန်ရဟတ်ယာဉ်များ တိုက်ခိုက်သည်ဟု ယုံကြည်ကြောင်း ရုရှားနိုင်ငံခြားရေးဌာနက ကြေညာ ဆီးရီးယားကကြေညာပြီးနောက် ရုရှားနိုင်ငံကအထက်ပါ သည်။ အတိုင်း စွပ်စွဲပြောကြားလိုက်ခြင်း ဖြစ်သည်။

ပြစ်တင်ရှုတ်ချ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဟူသော ကြွေးကြော် သံဖြင့် အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံကို ဝင်ရောက်မတိုက်သင့်သည့်အတွက် အကယ်၍ ယင်းသို့

တင်းမာမှု

ထိုသို့တစ်ဖက်သတ် ဝင်တိုက်ခြင်းဖြင့် ဒေသအတွင်း အခြေအနေပိုဆိုးပြီး တင်းမာမှု ကျယ်ပြန့်သွားနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ ရိုက်တာ

အမေရိကန်တို့၏ တိုက်ခိုက်မှု အကြမ်းဖက်ကျူးကျော်မှုဟု ဆီးရီးယားစွပ်စွဲ

ဒမတ်စကတ် အောက်တိုဘာ ၂၉

ဆီးရီးယားနိုင်ငံ ပိုင်နက်အတွင်း အမေရိကန်ရဟတ်ယာဉ်ဖြင့် ဝင်ရောက် ပစ်ခတ်ခြင်းမှာ ပြစ်မှုမြောက်အကြမ်းဖက် ကျူးကျော်သည့်လုပ်ရပ်ဖြစ်သည်ဟု ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်က စွပ်စွဲလိုက်သည်။ အောက်တိုဘာ ၂၆ ရက်က အီရတ်မှ အမေရိကန် လေယာဉ်လေးစင်းသည် ဆီးရီးယားလေကြောင်းပိုင်နက်အတွင်း ရှစ်မိုင်ခန့် ဝင်ရောက်ပြီးနောက် လယ်ယာလုပ်ငန်းခွင်မှ လက်နက်မဲ့ အရပ်သားရှစ်ဦးအား သတ်ဖြတ်လိုက်ကြောင်း ၄င်းကပြောကြားသည်။

ထိုတိုက်ခိုက်မှုမှာ အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမား တစ်ဦးအား ဦးတည်တိုက်ခိုက်ခြင်းဖြစ်သည်ဟု အမည်မဖော်လိုသည့် အမေရိကန်စစ်ဘက်အရာရှိများက ပြောကြားသည်။

သို့သော် ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်သမ္မတအိမ်ဖြူက အတည်ပြုခြင်း သို့မဟုတ် ငြင်းဆန်ခြင်းမပြုပေ။

(အင်တာနက်)



အီရတ်နိုင်ငံ အယ်နာဒါမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရသူတစ်ဦး ဆေးရုံသို့ရောက်ရှိနေသည်ကို အောက်တိုဘာ ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဒဏ်ရာရရှိ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အရှေ့မြောက်ဘက် မိုင် ၁၀၀ ခန့်အကွာရှိ ဘက်ချ်လန်ပြည်နယ်၏ မြို့တော် ပူအီခွမ်ရီမြို့ ရဲစခန်းတစ်ခုအတွင်းသို့ ရဲအယောင်ဆောင် အသေခံဗုံးခွဲသမား ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သူတစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက ဆေးရုံသို့ပို့ဆောင်ရန် သယ်ဆောင်လာသည်ကို အောက်တိုဘာ ၂၇ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံကြီး မပျောက်ပျက်အောင် ထိန်းသိမ်းရင်း

ခေတ်ကာလနှင့်အညီ ခေတ်မီသစ်လွင်အောင် ကြိုးပမ်းခြင်းသည် သမိုင်းပေးတာဝန်ဖြစ်

* *ကျော်ဖုံးမှ*

ရှင်သန်ခိုင်မာ

မွန်မြတ်တဲ့ ဦးတည်ချက်များနဲ့ နှစ်စဉ်ပြိုင်ပွဲကြီးများ ကျင်းပပေးပြီး စောင့်ရှောက်လျက်ရှိတဲ့ မြန်မာ့အနုသုခုမ ပညာရပ်များဟာ နှစ်ပေါင်းထောင်ချီတဲ့ သမိုင်းစဉ်တစ်လျှောက်ကို ဖြတ်သန်းရင်း ယဉ်ကျေးမှုအဖြာဖြာ စည်ပင်စွာနဲ့ ယနေ့တိုင် ရှင်သန်ခိုင်ခံ့လျက်ရှိပါတယ်။

မိမိတို့ရဲ့ ဘိုးဘွားမိဘများက သမိုင်းခေတ်အဆက်ဆက်မှာ လက်ဆင့်ကမ်း တည်ဆောက်လာခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကြီးကို ရိုးရာဂုဏ်ရည်တွေ မပျောက်ပျက်စေရအောင် တစ်ဖက်ကထိန်းသိမ်းရင်း ခေတ်ကာလနဲ့အညီ ခေတ်မီသစ်လွင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြခြင်းဟာ သမိုင်းကပေးတဲ့ တာဝန်တွေပဲဖြစ်ပါတယ်။

အောင်မြင်ဖြစ်ထွန်း

သမိုင်းပေးတာဝန်အရ ကျင်းပလာခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများဟာ တစ်နှစ်ထက်တစ်နှစ် အောင်မြင်ဖြစ်ထွန်းလာလျက်ရှိတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဒီပြိုင်ပွဲကြီးကနေ မြန်မာမှုဓလေ့စရိုက် အစဉ်အလာတွေ၊ မြန်မာ့ရိုးရာ တွေးခေါ်မြော်မြင်မှုသဘောတရားတွေ၊ မြန်မာ့ကျင့်ဝတ်နီတိ အသိအလိမ္မာတရားတွေကို မြန်မာ့လူ့ဘောင်မှာ အစဉ်နိုးကြားရှင်သန်နေအောင် စေ့ဆော်ပေးနိုင်တာကို တွေ့ရပါတယ်။

ပြိုင်ပွဲဝင်တင်ဆက်မှုများကိုကြည့်ရင် အဆို၊ အတီးကဏ္ဍများမှာ မြန်မာ့ဂီတရဲ့ ပင်ကိုစရိုက်အနှစ်သာရနဲ့အညီ သာယာငြိမ့်ညောင်းပြီး ခံ့ညားထည်ဝါတဲ့ သံစဉ်ဖွဲ့စည်းမှု အမျိုးမျိုးကို အနုပညာရှင်များရဲ့ အကွန့်အမြူး အစီအခြယ် အသွယ်သွယ်တို့နဲ့ တွဲဖက်ပြီး မြန်မာ့ဂီတရဲ့ ရသကို ဖော်ထုတ်တင်ဆက်နိုင်ကြတာ တွေ့ရပါတယ်။

စေတနာနဲ့စိတ်ဓာတ်

အရေးပြိုင်ပွဲမှာ ရေးခြယ်သီကုံးကြတဲ့ တေးသီချင်းများကို ကြည့်ရင်လည်း ပြိုင်ပွဲဝင် အနုပညာရှင်များရဲ့ စာပေဗဟုသုတ နဲ့စပ်ပြည့်စုံမှု၊ အသုံးအနှုန်း ပရိယာယ်ကြွယ်ဝကျစ်လျစ်မှု၊ ဂီတသဘောတရား ကျွမ်းဝင်ပိုင်နိုင်မှု၊ အလင်္ကာရသမြောက် တန်ဆာဆင်ဖွဲ့ဆိုနိုင်မှု အရည်အသွေးများကိုသာမက မိမိနိုင်ငံ မိမိလူမျိုးအပေါ် ထားရှိတဲ့စေတနာနဲ့ စိတ်ဓာတ် ပေါ်လွင်နေမှုကိုပါ တွေ့ကြရမှာဖြစ်ပါတယ်။

အကပြိုင်ပွဲများမှာ ခန္ဓာကိုယ်တစ်ခုလုံး အချိုးအဆစ်ကျကျ တင့်တယ်ပြေပြစ်စွာ လှုပ်ရှားကပြနိုင်ကြတာဟာ သိမ်မွေ့နက်ရှိုင်းလှတဲ့ မြန်မာအကရဲ့ သရုပ်သကန်ကို ထင်ရှားစေလျက်ရှိပါတယ်။

သက်ဝင်လှုပ်ရှား

ရုပ်သေးပြိုင်ပွဲများမှာ ပြသသွားတဲ့ ဆိုင်းပြော ပညာရပ်များနဲ့ ကြိုးဆွဲပညာရပ်တွေဟာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်ကောင်းမွန်လာတဲ့အလျောက် ရုပ်သေးရုပ်လေးများကို သက်ရှိလူသားနဲ့မခြား သဘာဝကျကျ သက်ဝင်လှုပ်ရှားစေပြီး ရသမြောက်အောင် ကပြနိုင်ကြတာ တွေ့ရပါတယ်။

ယခုနှစ် ရုပ်စုံသဘင်ပြိုင်ပွဲရဲ့ မဟာဗုဒ္ဓဝင်တောထွက်ခန်း ယှဉ်ပြိုင်တင်ဆက်မှုများမှာ မြတ်ဗုဒ္ဓဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်ဖြည့်ကျင့်ပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့တဲ့ နောက်ဆုံးဘဝမှာ "ဖွားတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ အဘိဓမ္မာတရား ဟောကြားတော်မူခြင်းနဲ့ ပရိနိဗ္ဗာန်စံတော်မူခြင်း"စတဲ့ ဖြစ်တော်စဉ်များထဲက တောထွက်ခန်းရဲ့ ဓမ္မရသကို ပေါ်လွင်အောင် ဖော်ညွှန်းတင်ဆက်နိုင်ကြတာ တွေ့ရပါတယ်။

အလွန်ပီပြင်

အထူးသဖြင့် ပြဇာတ်ပြိုင်ပွဲများမှာ "လူငယ်အားမာန် မိုးယံဆီသို့" ဆိုတဲ့ ခေါင်းစဉ်နဲ့အညီ လူငယ်များရဲ့ အပြုသဘောဆောင်တဲ့ စိတ်ဓာတ်၊ ဒို့တာဝန်အရေးသုံးပါးအပေါ် ပြင်းပြထက်သန်တဲ့ ခံယူချက်၊ နိုင်ငံ့အပေါ်ထားရှိတဲ့ စေတနာတို့ ပေါင်းစည်းပါဝင်တဲ့ လူငယ်အားမာန်ကို ဖော်ညွှန်းကပြရင်း အပြိုင်အဆိုင်တင်ဆက်သွားကြတာဟာ အလွန်ပဲ ပီပြင်လှပါတယ်။

ဒါကြောင့် ယနေ့အချိန်အခါလို နိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့ အချိန်ကာလမှာ ပြဇာတ်ရဲ့ စည်းရုံးစေ့ဆော်နိုင်မှုစွမ်းအားကို အသုံးချပြီး ပြည်သူ့အကျိုးကို အနုပညာစွမ်းအားဖြင့် သယ်ပိုးသွားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

ထိန်းသိမ်းမြှင့်တင်

ယနေ့ ကျင်းပပြုလုပ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးရဲ့ ဆုချီးမြှင့်ပွဲအခမ်းအနားမှာ အထူးတလည် ပြောကြားလိုတဲ့ အချက်ကတော့ အချို့သောနိုင်ငံတွေအနေနဲ့ ရိုးရာယဉ်ကျေးမှုနဲ့ အမျိုးသားရေးစရိုက်လက္ခဏာများ ယိုယွင်းတိမ်းပါးလာတဲ့အတွက် ပြန်လည်ထိန်းသိမ်းမြှင့်တင်ဖို့ ကြိုးစားအားထုတ်နေရတဲ့ အခြေအနေမှာ မိမိတို့မြန်မာနိုင်ငံအနေနဲ့ ခမ်းနားထည်ဝါတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကိုတင့်တင့်တယ်တယ် ခိုင်ခိုင်မြဲမြဲ စောင့်ရှောက်နိုင်လျက်ရှိနေတာဟာ လွန်စွာမှ ဂုဏ်ယူဝင့်ကြွားစရာဖြစ်ပါကြောင်းနဲ့ ဆက်လက်ပြီးတော့လည်း ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို တိုင်းတစ်ပါးရဲ့ ထိုးဖောက်လွှမ်းမိုးမှုဒဏ်ကြောင့် ယိုယွင်းတိမ်းပါး နိမ့်လျောမသွားစေရေးအတွက် ထိန်းသိမ်းမြှင့်တင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ဆက်လက်သယ်ပိုး

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဟာ ယခုနှစ်အဖို့ ပြီးဆုံးသွားပြီဖြစ်ပေမယ့် **"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"၊ "တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး"၊ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး"၊ "အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး"**စတဲ့ ပြိုင်ပွဲကြီးရဲ့ ဦးတည်ချက်များကို ဦးလည်မသုန် ဆက်လက်သယ်ပိုးသွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး အလံပြဘုရားကျောင်းတိုက် စုပေါင်းမဟာဘုံကထိန် တက်ရောက်ကြည်ညို

ရန်ကုန် အောက်တိုဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားကျောင်းတိုက်၌ ကျင်းပသည့် တပ်မိသားစုများ၏ စုပေါင်းမဟာဘုံကထိန်သို့ တက်ရောက်ကြည်ညိုကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ဒဂုံမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အိမ်တော်ရာ ကမ္ဘာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့က ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အလံပြဘုရားကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒထံလည်းကောင်း၊ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ကမ္ဘာအေးကျောင်းတိုက် ဆရာတော်တို့ထံ လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသောလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များက ကမ္ဘာအေးကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

သစ်ပင်ကို နှစ်ခုစိုက် ရွှေတိုက်ကိုစိုး

အရည်အသွေးရှိ ပစ္စည်းများ တီထွင်ကြံဆထုတ်လုပ် ကုန်ထုတ်စွမ်းအားများ တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လှိုင်သာယာစက်မှုဇုန် တာဝန်ခံ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် အောက်တိုဘာ ၂၇ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာ စက်မှုမြို့ ကနောင်ခန်းမ၌ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်ရန် နိုင်ငံတော်က စက်မှုကဏ္ဍကို အထူးအားပေး ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် အစိုးရဌာနများအချင်းချင်း နည်းပညာဖလှယ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးရှိသော ပစ္စည်းများကို ပိုင်ပိုင်နိုင်နိုင် ကြံဆထုတ်လုပ်ရန် အရည်အသွေးမြင့်မားသော ကျွမ်းကျင်လုပ်သားများ ပျိုးထောင်ပြီး မိမိတို့လုပ်ငန်းတွင် အသုံးပြုခြင်းဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်အောင် စီမံဆောင်ရွက်ကြရန်၊ တစ်ဖက်၌ Import substitution ဆောင်ရွက်နေသကဲ့သို့ တစ်ပြိုင်တည်း Export Oriented ဖြစ်အောင် စဉ်ဆက်မပြတ် တီထွင်ကြံဆ ဆောင်ရွက်ကြရန်နှင့် မိမိတို့ထုတ်ကုန်များ၏ အရည်အသွေးနှင့် ပုံသဏ္ဌာန်အသွင်အပြင်ကို သုံးစွဲသူအကြိုက်ဖြစ်စေရန် အမြဲသုံးသပ်ပြီး ပြုပြင်တီထွင်ထုတ်လုပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် လှိုင်သာယာစက်မှုမြို့၌ စက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လှိုင်သာယာ စက်မှုမြို့အတွင်းရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ Excellence စတီးပုံလောင်းပစ္စည်းထုတ်လုပ်ရေးစက်ရုံနှင့် သောင်းဝင်း စပါးကြိတ်စက် ထုတ်လုပ်မှုလုပ်ငန်းတို့၏ ထုတ်လုပ်မှုလုပ်ငန်းခွင်များသို့ သွားရောက် ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လှိုင်သာယာ စက်မှုဇုန်တာဝန်ခံ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း လှိုင်သာယာ စက်မှုမြို့ရှိ Excellence စတီးပုံလောင်းပစ္စည်း ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၁၉)ကြိမ်မြောက် မျက်စိဆရာဝန် ညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်အဖွဲ့က ကြီးမှူးကျင်းပမည့် (၁၉)ကြိမ်မြောက် မျက်စိဆရာဝန်ညီလာခံကို ရန်ကုန်မြို့ သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်တွင် နိုဝင်ဘာ ၁၇ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ တက်ရောက်လိုသော မျက်စိဆရာဝန်များနှင့်စိတ်ပါဝင်စားသည့် မည်သည့်ဆရာဝန်မဆို နိုဝင်ဘာ ၁၄ရက် (သောကြာနေ့) နံနက်၉နာရီမှစ၍ ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီး၌ လာရောက်မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၀-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**တကယ်သဘောဖြူတဲ့ လယ်တောသူ** တရားတော် [ဘဒ္ဒန္တပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)]
၇း၅၅-၁း၅၅	နိဗ္ဗာန်ဆီသို့--- အမေးအဖြေများ
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	ပြည်တွင်းအနုပညာရေးရာ
၈း၄၅-၂း၄၅	ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း
၈း၅၀-၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅-၂း၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	Activities in the City (ဒီဇိုင်နာစိုးစိုး သတို့သမီးဝတ်စုံပြပွဲ)
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	ရည်ညွှန်းစေရာ လက်ဆောင်ကမ္ဘာ
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (မိုးသောက်ပန်း အဆင့်မြင့်မူကြို)
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	ဂေါက်သီးချစ်သူများအတွက် သတင်းကောင်း
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	ဆုံမှတ်များ၏ အနားသတ်ဝန်းကျင်သည် သပ်ရပ်လှပလျက်ရှိသည်
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ
၁၂း၁၅-၆း၁၅	ကျောက်ကပ်နှင့်ကျောက်ကပ်ရောင် ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ငွေး)
၁၂း၃၀-၆း၃၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဇာမွန်အိနှင့် တွေ့ဆုံခြင်း)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ -၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့် (ပထမတန်း) 'လူငယ်အားမာန် မိုးယံဆီသို့' ပြဇာတ်ပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသည့် ရန်ကုန်တိုင်းမှ ဦးဇော်ဝင်းမောင်(ခ)ကိုကောင်းမြတ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်သေး 'မဟာဗုဒ္ဓဝင် တောထွက်ခန်း' ပြိုင်ပွဲတွင် ဇာတ်ညွှန်းထူးချွန်ဆုရရှိသည့် မန္တလေးတိုင်းမှ ဦးနန်းမြင့်ဆွေ (မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့် (ပထမတန်း)'ဘူရိဒတ်ဇာတ်တော်ကြီး' ပြိုင်ပွဲတွင် နှစ်ပါးသွား ထူးချွန်ဆုရရှိသည့် ရန်ကုန်တိုင်းမှ ဦးအောင်ကိုဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး အဆင့်မြင့်ပညာအဆင့် အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းမှ မောင်ထျန်လျန်ကပ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ရန်ကုန်တိုင်းမှ မမို့မို့သူဇာအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အသက် (၅နှစ်မှ၁၀နှစ်)အထိ အခြေခံပညာအဆင့် အမျိုးသားခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းမှ မောင်ရဲသူရလွင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

အထူးဖိတ်ကြားထားသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ ဒေါ်လိန်းမောင်းပန်နှင့် ဒေါ်ကေခိုင်ဆွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာကြသည်။

မိန့်ခွန်းပြောကြား

အစီအစဉ်အရ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားသည်။

[အတွင်းရေးမှူး(၁)၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။]

ပေးအပ်ချီးမြှင့်

ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ရုပ်သေး (မဟာဗုဒ္ဓဝင်တောထွက်ခန်း)ပြိုင်ပွဲ၌ ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရ မန္တလေးတိုင်းမှ မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ တော်ဝင်ရုပ်စုံသဘင်အဖွဲ့၊ တတိယဆုရ စစ်ကိုင်းတိုင်း ဧယျာသီရိရုပ်စုံ သဘင်အဖွဲ့တို့အားလည်းကောင်း၊ ရုပ်သေး (မဟာဗုဒ္ဓဝင် တောထွက်ခန်း) ပြိုင်ပွဲတွင် ကြိုးဆွဲထူးချွန်ဆုရ မန္တလေးတိုင်းမှ မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့၊ ဆိုင်ငိုပြော ထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ဧယျာသီရိရုပ်စုံသဘင်အဖွဲ့၊ ဆိုင်းထူးချွန်ဆုရ မန္တလေးတိုင်းမှ မန်းသိင်္ဂါ ရုပ်စုံသဘင်အဖွဲ့၊ ဇာတ်ညွှန်း ထူးချွန်ဆုရ မန္တလေးတိုင်းမှ ဦးနန်းမြင့်ဆွေ (မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့)တို့အားလည်းကောင်း၊ လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ်ပြိုင်ပွဲ၌ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပြဇာတ်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်း ပြဇာတ်အဖွဲ့၊တတိယဆုရ မန္တလေးတိုင်း ပြဇာတ်အဖွဲ့၊ အထူးဆုရ ကချင်ပြည်နယ် ပြဇာတ်အဖွဲ့တို့အားလည်းကောင်း၊ လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသည့် အကောင်းဆုံး သရုပ်ဆောင်ဆု (အမျိုးသား)ဆုရ ရန်ကုန်တိုင်းမှ မောင်တင်မောင်ဆန်းမင်းဝင်း(ခ)ဂေါ်လီ၊ အကောင်းဆုံး သရုပ်ဆောင်ဆု (အမျိုးသမီး)ဆုရ ရန်ကုန်တိုင်းမှ မစန်းနီလာဝင်း (ခ)ဒေါက်တာမေကောင်းကင်၊ အကောင်းဆုံးဇာတ်ပို့ဆု (အမျိုးသား)ဆုရ ရန်ကုန်တိုင်းမှ ဦးဇော်ဝင်းမောင်(ခ) ကိုကောင်းမြတ်၊ စစ်ကိုင်းတိုင်းမှ ဦးအိုးဝေ(ခ) ဦးမှိုင်းညို၊ အကောင်းဆုံး ဇာတ်ပို့ဆု(အမျိုးသမီး)ဆုရ မန္တလေးတိုင်းမှ ဒေါ်တင်တင်မျိုးရည်(ခ) ဒေါ်ငွေခင်၊ ဇာတ်ပို့တီးဝိုင်းဆုရ မန္တလေးတိုင်းမှ ဦးလှဝင်းနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ ပြည်မြန်မာဟိန်းရာဇာ၊ ဒါရိုက်တာဆုရ ရန်ကုန်တိုင်းမှ ဦးနန်းဝင်း၊ ဇာတ်ညွှန်းဆုရ ဧရာဝတီတိုင်းမှ ဦးခင်မောင်လွင် (ဆရာအတတ်သင်) တို့အားလည်းကောင်း၊ ဘူရိဒတ် ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း)၌ ပထမဆုရ ရန်ကုန်တိုင်း ဇာတ်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဇာတ်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်း ဇာတ်အဖွဲ့၊ ဘူရိဒတ် ထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဦးအောင်ကိုဝင်း၊ သမုဒ္ဒဇာ ထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်ကြည်၊ အလမ္ဗာယ်ပုဏ္ဏား ထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ဦးအိုးဝေ၊ သုဒဿန ထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ဦးအောင်ဖြိုးဟိန်း၊ နှစ်ပါးသွားထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဦးအောင်ကိုဝင်း၊ ဒေါ်မြင့်မြင့်ကြည်၊ ဇာတ်ပို့ဆိုင်း ထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဦးစိန်လှငွေ၊ ဇာတ်ညွှန်းထူးချွန်ဆုရ မန္တလေးတိုင်းမှ ဦးဖွဲထက်ရှား(မန်းပန်တျာ)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဇာတ်ဝင်နှစ်ပါးသွား ထူးချွန်ဆုရရှိကြသည့် ရန်ကုန်တိုင်း ဇာတ်အဖွဲ့မှ မင်းသားဦးအောင်ကိုဝင်းနှင့် မင်းသမီး ဒေါ်မြင့်မြင့်ကြည်တို့က နှစ်ပါးသွားအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မဟာဂီတအဆိုပြိုင်ပွဲဆု

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်ဟန်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဦးမင်းဟန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးထိန်လင်းအောင်နှင့် တတိယဆုရစစ်ကိုင်းတိုင်းမှဦးသန်းမြတ်စိုး၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

စာမျက်နှာ ၇ ကော်လံ ၁

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဝါသနာရှင်အဆင့် (ပထမတန်း) 'ဘူရိဒတ်ဇာတ်တော်ကြီး' ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဇာတ်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဝါသနာရှင်အဆင့် (ပထမတန်း) 'လူငယ်အားမာန် မိုးယံဆီသို့' ပြဇာတ်ပြိုင်ပွဲတွင် အထူးဆုရရှိသည့် ကချင်ပြည်နယ် ပြဇာတ်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဝါသနာရှင်အဆင့် (ပထမတန်း) 'လူငယ်အားမာန် မိုးယံဆီသို့' ပြဇာတ်ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပြဇာတ်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ထျုန်လျုန်ကပ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ အခြေခံပညာအဆင့်(အသက်၁၅နှစ်မှ၂၀)အထိ အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇင်မောင်မောင်(ခ) ထက်အောင်လင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ အခြေခံပညာအဆင့် အသက်(၁၀နှစ်မှ၁၅နှစ်)အထိ အမျိုးသားမဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ဝဏ္ဏနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ အခြေခံပညာအဆင့် အသက်(၅နှစ်မှ၁၀နှစ်)အထိ အမျိုးသား မဟာဂီတပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ ဒုတိယဆုရ

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အသက်(၅နှစ်မှ ၁၀နှစ်)အထိ အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်မှ မအက်စတာဒေ့သ်ချင်းဆုန်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ရဲသူရလွင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဝါသနာရှင်အဆင့် (အမျိုးသမီး)မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်သူဇာအောင်၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ဒုတိယတန်း မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခင်မြသက်နှင်း၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ထက်ထက်မော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သင်းသင်းခိုင်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မမို့မို့သူဇာ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသီရိစုဝေနှင့် တတိယဆုရ မန္တလေးတိုင်းမှ မမြတ်ပွင့်ဖြူ၊ အခြေခံပညာအဆင့် အသက်(၁၅နှစ်မှ၂၀)အထိ အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မယဉ်မွန်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်နှင့် တတိယဆုရ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ အခြေခံပညာအဆင့် အသက်(၁၀နှစ်မှ ၁၅နှစ်)အထိ အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစုယဉ်ထွန်း၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မသက်ထားဖူးနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ အခြေခံပညာအဆင့် အသက်(၅နှစ်မှ ၁၀နှစ်)အထိ အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မချို့ဇင်သန့်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မမေသဇင်နှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း အသက်(၁၅နှစ်မှ ၂၀)အထိ အခြေခံပညာအဆင့် အမျိုးသမီး ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းမှ မပန်းအိအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲဆု

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ဧရာဝတီတိုင်းမှ ဦးရဲထိုက်နှင့် ရှမ်းပြည်နယ်မှ ဦးစိုင်းညီမြင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးသန်းမြတ်စိုးနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးသက်နိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးခင်မောင်ဇော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးထွန်းထွန်းဦးနှင့် တတိယဆုရ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သီဟကျော်၊ ဒုတိယဆုရ ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်းနှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ အခြေခံပညာအဆင့် အသက်(၁၅နှစ်မှ ၂၀)အထိ အမျိုးသားခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇင်မောင်မောင်(ခ)ထက်အောင်လင်း၊ ဒုတိယဆုရရှိကြသည့် ပဲခူးတိုင်းမှ မောင်သီဟလင်းနှင့် မန္တလေးတိုင်းမှ မောင်ဟိန်းလတ်၊ တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ အခြေခံပညာအဆင့် အသက်(၁၀နှစ်မှ ၁၅နှစ်)အထိ အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်းနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ အခြေခံပညာအဆင့် အသက်(၅နှစ်မှ၁၀နှစ်) အထိ အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အသက်(၁၅နှစ်မှ ၂၀)အထိ အခြေခံပညာအဆင့် အမျိုးသား အကပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ မောင်စောသူရိန်ထွန်း(ခ)အာတူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းမှ မောင်ရဲသူရလွင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်းနှင့် တတိယဆုရရှိကြသော ပဲခူးတိုင်းမှ မောင်နိုင်နိုင်စိုးနှင့် မန္တလေးတိုင်းမှ မောင်သာနေဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်သူဇာအောင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မဥမ္မာ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ခေတ်ဟောင်း/ကာလ ပေါ်တေး

စာမျက်နှာ ၈ ကော်လံ ၁ သို့

30-10 (07).pmd 1 10/30/2008, 3:01 AM

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) 'လူငယ်အားမာန်မိုးယံဆီသို့' ပြဇာတ်ပြိုင်ပွဲတွင် ဇာတ်ညွှန်းဆုရရှိသည့် ဧရာဝတီတိုင်းမှ ဦးခင်မောင်လွင် (ဆရာအတတ်သင်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) 'ဘူရိဒတ်ဇာတ်တော်ကြီး'ပြိုင်ပွဲတွင် သုဒဿနထူးချွန်ဆုရရှိသည့် စစ်ကိုင်းတိုင်းမှ ဦးအောင်ဖြိုးဟိန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စေတနာမွန်

ဦးတည်ချက်(၄)ရပ်
တွေးမှတ်စေချင်။

ယဉ်ကျေးမှုအမွေကောင်း
လမ်းကြောင်းပေါ်လွင်။

ဆို၊ က၊ ရေး၊ တီးစုံလင်
ဂုဏ်အင်ပြည့်၊ မြန်မာမျိုး။

ချောင်းရိုးသာ တိမ်ကောမယ်
ကိုယ်ပိုင်ဟန် မရွေ့လျောရအောင်
သဘောမှန် စေတနာဖြင့်
ဂုဏ်ဆောင်ကာ တွန်းအားပေးတယ်
ညီနောင်တို့ရယ်....
အမျိုးသားရေးအကျိုး။ ။

ရွှေခြံသန်းမြင့်

စာမျက်နှာ ၇ မှ

အဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဒေါ်ဖြူဖြူအောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သင်းသင်းခိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ထူးသန္တာကျော်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မရတနာဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသီရိစုဝေနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်၊ အခြေခံပညာအဆင့် အသက်(၁၅နှစ်မှ ၂၀)အထိ အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ မန္တလေးတိုင်းမှ မပန်းအိနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ အခြေခံပညာအဆင့် အသက်(၁၀နှစ် မှ ၁၅နှစ်)အထိ အမျိုးသမီးခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မနွေးနွေး၊ ဒုတိယဆုရ ချင်းပြည်နယ်မှ မမေသူသူထွန်း၊ တတိယဆုရရှိကြသည့် မွန်ပြည်နယ်မှ မခိုင်ဇာဝင်းနှင့် ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ အခြေခံပညာအဆင့် အသက်(၅နှစ်မှ ၁၀နှစ်)အထိ ပထမဆုရ ချင်းပြည်နယ်မှ မအက်စတာဒေ့သ်ချင်းဆုန်၊ ဒုတိယဆုရရှိကြသည့် မန္တလေးတိုင်းမှ မမိုင်းမိုင်းခန့်နှင့် ရန်ကုန်တိုင်းမှ မခင်ဘုန်းပွင့်စံ၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မဆုဝေဝေလွှင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲဆု

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးရဲထိုက်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းသူနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဘိုဘိုလင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် စစ်ကိုင်းတိုင်းမှ မောင်ထျုန်လျှန်ကပ်၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်းနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်စိုင်းတင့်လွင်ဦး၊ အခြေခံပညာအဆင့် အသက် (၁၅နှစ် မှ ၂၀)အထိ အမျိုးသားခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်လတ်ရှောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထွန်းပြည့်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မသင်းသင်းခိုင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မချောစုစံ၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မယမုံဦး၊ ဒုတိယဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ မစောနှင်းနွယ်နှင့် ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မစုပြည့်ဖြိုးမွန်၊ အခြေခံပညာအဆင့်(အမျိုးသမီး) အသက်(၁၅နှစ်မှ ၂၀)အထိ ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မပန်းအိ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မမိုးဆန်းသူနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အဆိုပြိုင်ပွဲတွင် အကောင်းဆုံးထူးချွန်ဆုရရှိသူ တစ်ဦးဖြစ်သည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဒေါ်ဖြူဖြူအောင်က ဆုရပြိုင်ပွဲဝင်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

အမျိုးသားအကပြိုင်ပွဲဆု

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်နိုင်လင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးတင်ဝင်းအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်သန်းထွဋ်အောင်၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားအကပြိုင်ပွဲ၏ ပံ့ပိုးဆိုင်းပထမဆုရ ရန်ကုန်တိုင်းမှ မောင်နိုင်လင်း ပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးတင်ဝင်းအောင် ပံ့ပိုးဆိုင်းအဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်သန်းထွဋ်အောင်ပံ့ပိုးဆိုင်းအဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မောင်ချမ်းညီချမ်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးစောမြလင်းစိုးနှင့် တတိယဆုရ ချင်းပြည်နယ်မှ မောင်အောင်ဆန်းပွင့်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်း(ခ)ဖွဲစစ်နိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်နေဝင်းထွဋ်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်နိုင်လင်းဦး၊ အခြေခံပညာအဆင့် အသက် (၁၅ နှစ်မှ ၂၀)အထိ အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ကရင်ပြည်နယ်မှ မောင်စောသူရိန်ထွန်း(ခ)အာတူနှင့် မန္တလေးတိုင်းမှ မောင်မျိုးသီဟကျော်(ခ)ပိုင်ပိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အေးမောင်မောင်၊ အခြေခံပညာအဆင့် အသက် (၁၀ နှစ်မှ ၁၅ နှစ်)အထိ အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော်(ခ)ဖြိုးဖြိုး၊ ရန်ကုန်တိုင်းမှ မောင်သော်ဇင်ထွန်းနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့်၊ အခြေခံပညာအဆင့် အသက် (၅ နှစ်မှ ၁၀ နှစ်)အထိ အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ ကရင်ပြည်နယ်မှ မောင်အေးချမ်းမင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သိန်းဇော်ဦးနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးအကပြိုင်ပွဲဆု

ဆက်လက်၍သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးအကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဆောင်းနှင်းဝေဝေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသစ်သစ်လွှင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မနီနီအောင်၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ပံ့ပိုးဆိုင်းအဖွဲ့ ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မဆောင်းနှင်းဝေဝေပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသစ်သစ်လွှင် ပံ့ပိုးဆိုင်းအဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မနီနီအောင် ပံ့ပိုးဆိုင်းအဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးအကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မနှင်းစုလှိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဝမ်းကေဇင်၊ တတိယဆုရ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအကပြိုင်ပွဲတွင် ပထမဆုရ မကွေးတိုင်းမှ မအိယမုံဖူး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မမြင့်မြင့်အေးသိန်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မကြူကြူစိုး၊ အခြေခံပညာအဆင့် အသက် (၁၅နှစ်မှ ၂၀)အထိ အမျိုးသမီးအကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသူဇာလှိုင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မမေသကြိန်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မရွှေစင်မြင့်၊ အခြေခံပညာအဆင့် အသက် (၁၀နှစ်မှ ၁၅နှစ်)အထိ အမျိုးသမီးအကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မရှုမဝ(ခ)ရွှန်းလဲ့ရူပါမွန်၊

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းမှ မအိယမုံဖူးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဝါသနာရှင်အဆင့်(ပထမတန်း)ကွက်စိပ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းမှ ဦးသန်းစိန်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယဆုရ မန္တလေးတိုင်းမှ မသီရိမေ၊ တတိယဆုရ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ အခြေခံပညာအဆင့် အသက်(၅နှစ်မှ ၁၀နှစ်)အထိ အမျိုးသမီးအကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှမဖူးထက်ဝင်းအောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မခက်ပိုပိုနိုင်၊ တတိယဆုရရှိကြသော မန္တလေးတိုင်းမှ မအိကေခိုင်မျိုးနှင့် စစ်ကိုင်းတိုင်းမှ မအိသက်ပိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကွက်စိပ်ပြိုင်ပွဲဆု

ယင်းနောက် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကွက်စိပ်ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း)၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဦးသန်းစိန်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးနန်းမြင့်ဆွေ၊ တတိယဆုရ ပဲခူးတိုင်းမှ ဦးမင်းညွန့်၊ ကွက်စိပ်ပံ့ပိုးဆိုင်းပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ပထမတန်း)၌ ထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ရွှေကျည်ဆန်အဖွဲ့၊ ကွက်စိပ်ဇာတ်ညွှန်းတွင် ဝါသနာရှင်အဆင့် (ပထမတန်း)၌ ထူးချွန်ဆုရ ဧရာဝတီတိုင်းမှ စွယ်စုံမြတ်မိုးမင်း (ဦးမြအေး)၊ ရုပ်သေး (သူငယ်တော်၊ မင်းသမီး)ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ရဲညီညီ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာအောင်၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်ကျော်သက်ဦး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနှင်းငယ်ငယ်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသီရိရတနာစိုးဟန်၊ တတိယဆုရ မကွေးတိုင်းမှ မစုဦးထက်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် အကပြိုင်ပွဲ၌ အကောင်းဆုံးထူးချွန်ဆုရရှိသူ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသမီးအကပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရန်ကုန်တိုင်းမှ မနှင်းစုလှိုင်က ပြိုင်ပွဲဝင်အကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇) အမှတ်(၁၂)ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၂၉

အဆိုပါဂျာနယ်တွင် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ရွှေလမ်း ငွေလမ်းကဏ္ဍသစ်ဖွင့်လှစ်၊ တောင်သူလယ်သမားများ လက်ခမောင်းခတ်ကြရမည့် အချိန်ကောင်း၊ မြေထိုး မြေတူးယန္တရားများ ထုတ်လုပ်မှုစက်ရုံ(သာဂရ)၊ သွင်းကုန်အစားထိုး နို့ထွက်ပစ္စည်းပိုမိုထုတ်လုပ်ရေးကြိုးပမ်း စသည့် ဆောင်းပါးများအပြင် မြန်မာနှင့် ဗီယက်နမ် မုတ္တမကမ်းလွန် M-2 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်မည်၊ အိန္ဒိယနှင့်တရုတ် စားနပ်ရိက္ခာအကျပ်အတည်းကြောင့် မြန်မာ့စားသောက်ကုန်အခြေခံ စက်မှုလုပ်ငန်း အလျင်အမြန်ဖွံ့ဖြိုးလာမည်၊ အာရှအဝေးပြေးလမ်းမကြီး အချိတ်အဆက် စစ်ကိုင်း-ရွှေဘို-မုံရွာလမ်း စီမံကိန်းစတင်၊ ဂျပန်နှင့်ပူးပေါင်းပြီး စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးစင်တာများ တည်ဆောက်မည် စသည့် ပြည်တွင်းပြည်ပသတင်းများ စုံစုံလင်လင်၊ သတင်းဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြထားသည်။ **(ယာပုံ)**

ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်း စာအုပ်ဆိုင်၊ ပန်းရွှေပြည် စာအုပ်ဆိုင်တို့ ဖြစ်ကြပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးအဆောက်အအုံ အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်မှု တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းတွင် နမ့်စန်-ကျိုင်းတုံ ရထားလမ်းတွင် ရထားလမ်းမြေသားတာပေါင်များအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နမ့်စန်-ကျိုင်းတုံ ရထားလမ်း ဆောက်လုပ်မည့် လမ်းကြောင်းရှိ ရထားကူးတံတား ဆောက်လုပ်မည့် ကုန်းပုတ်ကျေးရွာအနီးရှိနမ့်တိန်းချောင်းသို့ ရောက်ရှိကြပြီး နမ့်တိန်းချောင်းကို ဖြတ်၍ဖောက်လုပ်ထားသည့် ကားကူးတံတား အမှတ်(၂/၁၉၆)၌ ရထားကူးတံတား ဆောက်လုပ်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အောက်တိုဘာ၂၇ရက် နံနက်ပိုင်းတွင် ကွန်ဟိန်းမြို့အနီးရှိ နမ့်ပန်ချောင်းအား ဖြတ်ကူးသည့် ကွန်ဟိန်းတံတားပေါ်မှ ရထားကူးတံတား ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့သည် တာကောတံတား၌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့်အတူ နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်မည့် လမ်းအူကြောင်းအခြေအနေနှင့် သံလွင်မြစ်ကို ဖြတ်ကူးမည့် ရထားကူးတံတား ဆောက်လုပ်မည့် မြေနေရာကို တာကော တံတားပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

လမ်းအူကြောင်း

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့်ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့အား တုံတာကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ နမ့်စန်-ကျိုင်းတုံ မီးရထားလမ်း ဖောက်လုပ်မည့် လမ်းအူကြောင်း အခြေအနေများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်ဝန်ကြီး တို့က လိုအပ်သည်များကိုမှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျိုင်းတုံ တက္ကသိုလ်အနီး ကျိုင်းတုံ ဘူတာရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ နမ့်စန်-ကျိုင်းတုံ ရထားလမ်းတွင် ရထားလမ်း မြေသားတာပေါင်များအား စက်ယန္တရားများ အသုံးပြုဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ မန္တလေးနှင့်ပလိပ်မြို့တို့ရှိ CNG အရောင်းဆိုင်များစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ၂၆ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပလိပ်မြို့ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့CNG အရောင်းဆိုင်သို့ရောက်ရှိပြီး မော်တော်ယာဉ်များအား CNG သဘာဝ ဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်များ အခြေအနေနှင့် CNG ဓာတ်ငွေ့ ရောင်းချနေမှုအား ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်လုပ်ဆောင်နေမှုတို့ကို စစ်ဆေးကြည့်ရှုပြီး CNG ယာဉ်များအား သတ်မှတ်သောဖိအားအတိုင်း အပြည့်အဝဖြည့်တင်းပေးရေး၊ ပြည်သူလူထုနှင့် ပြေပြစ်စွာဆက်ဆံရေးနှင့် မီးဘေးအန္တရာယ် ဂရုပြုရေးတို့ကိုမှာကြားကာ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် အောက်တိုဘာ၂၇ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ပေါ်၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) Daughter Station ဆိုင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လက်ရှိ ဓာတ်ငွေ့ရောင်းချနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံနှုတ်ဆက်

ဝန်ကြီးသည် CNG ဓာတ်ငွေ့ ဖြည့်ဆည်းပေးနေမှုနှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားပြီး လက်ရှိ CNG Daughter Station အရောင်းဆိုင်အား ရန်ကုန်မြို့ပေါ်ရှိ CNG ဆိုင်များကဲ့သို့ ပိုမိုအဆင့်မြင့်သော စနစ်များ တပ်ဆင်ပြီး CNG ယာဉ်များ ယခုထက် ခရီးမိုင်ပိုမိုသွားနိုင်ရေး ဆောင်ရွက်ပေးသွားရန်မှာကြားကာ CNG ယာဉ်ပိုင်ရှင် များနှင့် ယာဉ်မောင်းများအား တွေ့ဆုံနှုတ်ဆက်သည်။ အဆိုပါ မန္တလေးနှင့် ပလိပ် CNG နှစ်ဆိုင်မှ မော်တော်ယာဉ် အစီးရေ၇၀၀ခန့်ကို နေ့စဉ်သဘာဝဓာတ်ငွေ့ ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနှင့်ဂျပန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား ASEAN Japan Center ၏ Secretary General, Mr. Nobutoshi Akao ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံအတွင်း ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မြန်မာနှင့် ဂျပန်နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်လူဦးရေ၊ ပြိုင်ပွဲဝင်အရေအတွက်နှင့် ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု

စဉ်	ပြည်နယ်/တိုင်း	ပြိုင်ပွဲဝင် လူဦးရေ	ပြိုင်ပွဲဝင် အရေအတွက်	ရွှေ	ငွေ	ကြေး	အထူးဆု	စုစုပေါင်း
၁။	ရန်ကုန်	၄၃၀	၆၂၂	၈၀	၆၂	၄၈		၁၉၀
၂။	မန္တလေး	၄၆၆	၅၄၉	၄၄	၄၁	၅၁		၁၃၆
၃။	စစ်ကိုင်း	၁၆၉	၂၂၇	၂၁	၁၃	၈		၄၂
၄။	ဧရာဝတီ	၁၆၇	၂၇၈	၁၆	၂၂	၁၅		၅၃
၅။	ပဲခူး	၁၃၅	၁၇၉	၁၄	၁၈	၁၆		၄၈
၆။	မွန်	၉၈	၁၃၄	၇	၄	၁၀		၂၁
၇။	ကချင်	၈၁	၉၄	၇	၂	၂	၁	၁၂
၈။	မကွေး	၁၄၄	၁၇၄	၃	၃	၂		၈
၉။	ကရင်	၆၂	၈၀	၃	၁	၁		၅
၁၀။	ရခိုင်	၆၈	၈၁	၂	၇	၆		၁၅
၁၁။	တနင်္သာရီ	၅၄	၆၄	၂	၂	၆		၁၀
၁၂။	ကယား	၃၆	၃၈	၂	၂	၁		၅
၁၃။	ချင်း	၂၉	၃၃	၂	၁	၁		၄
၁၄။	ရှမ်း	၄၆	၅၂	၂	-	၇		၉
	စုစုပေါင်း	၁၉၈၅	၂၆၀၅	၂၀၅	၁၇၈	၁၇၄	၁	၅၅၈

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်လုမည်

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၀၈ ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဒုတိယအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကစားချိန်မိနစ်၉၀အတွင်း သုံးဂိုးစီသရေဖြစ်သဖြင့် အချိန်ပိုမိနစ်၃၀ ဆက်လက်ကစားခဲ့ရာ ဂိုးမရရှိဘဲ သရေဖြစ်နေခြင်းကြောင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲ

တတိယနေရာလုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် အောက်တိုဘာ၃၁ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့သည် နိုဝင်ဘာ ၁ရက်တွင်လည်းကောင်း ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

မြစ်ကြီးနားအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲကို အောက်တိုဘာ ၁၈ရက်က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံကြီး၌ကျင်းပရာ အထက(၄)တာမွေမှ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မခင်ယွန်းဖြူအား သဘာပတိ ဦးထွန်းသိန်းက ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ပခုက္ကူမြို့နယ် မိခင်/ကလေးအသင်းကြီးမှူး ကျန်းမာရေးအသိပညာပေးဟောပြော

ပခုက္ကူ အောက်တိုဘာ ၂၆

ပခုက္ကူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၅ရက် နံနက် ၉နာရီက ပခုက္ကူတပ်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူက အမှာစကားပြောကြားပြီး သွေးလွန်တုပ်ကွေးရောဂါနှင့် မယ်လမင်းဓာတ်ပါသည့် နို့မှုန့်များ မသုံးစွဲရန်နှင့် မိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးရန် အကြောင်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုကိုကြီးကလည်းကောင်း၊ ခုခံအားကျ/ကာလသားရောဂါတိုက်ဖျက်ရေးခေါင်းဆောင် ခရိုင်ဆရာဝန် ဒေါက်တာဦးတင်မောင်ထွေးက အအိုင်ဒီအက်စ်ရောဂါ အကြောင်းကိုလည်းကောင်း၊ အဆုတ်ရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်မာမာဌေးက အဆုတ်ရောဂါအကြောင်း ကိုလည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် များက သိမှတ်စရာအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။ (၀၇၀)

ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန စံပြကေ ၁၀၀၀စိုက်ကွင်းတွင် ငါးမျိုးစိုက်ထည့်

ကျိုက်လတ် အောက်တိုဘာ ၂၈

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့အဝင် လှည်းဆိပ်ကျေးရွာရှိ ဧကေ ၁၀၀၀ စံပြစိုက်ကွင်းတွင် အောက်တိုဘာ ၂၁ရက်က ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပသည်။

စိုက်ထည့်ပေး

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးချိုဝင်းမြင့်နှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လှည်းဆိပ်ကျေးရွာမှ ဒေသခံတောင်သူများတက်ရောက်၍ လယ်မြေဧက ၃၀၀တွင် ငါးခုံးမကောင်ရေ၅၀၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

တမူးမြို့စပါးစိုက်ခင်း၌ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကြဲပက်

တမူး အောက်တိုဘာ ၂၆

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့နယ် အင်ဒိုင်းကျေးရွာအုပ်စု ပန်းသာကျေးရွာ ကွင်းအမှတ် ၂၅၇/အီး ဦးပိုင်အမှတ် (၃) နှင့်(၂၉) တောင်သူဦးသန်းဆွေနှင့် ဦးအောင်မြင့်ဝင်းတို့၏ တမာစပ်မျိုးနှင့် မော်ဘီ(၂) စပါးစိုက်ခင်း ၁၄ဧကတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ စုပေါင်းကြဲပက်ပွဲကို စက်တင်ဘာ ၂၅ရက် နံနက် ၉နာရီက ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းတို့က အမှာစကားပြောကြားကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာဦးဝင်းဆွေက မိုးစပါးတစ်ဧက အထွက်နှုန်း တင်း ၁၀၀ ရရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားကာ တောင်သူများမှ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ ကြဲပက်နေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများအားလုံး ကတ္တရာလမ်းဖြစ်ရေး စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အမှတ်(၁၀)လမ်း၏ မူလကျောက်ချောလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လမ်းခင်းကျောက်များ စုဆောင်းမှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် အဆောက်အအုံ ရေရှည်အသုံးပြုနိုင်ရေး ဆွေးနွေး

ရေနံချောင်း အောက်တိုဘာ ၂၄

မကွေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းသည် စက်တင်ဘာ၂၆ရက်က ရေနံချောင်းမြို့နယ်ရုံးတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် မြို့နယ်ရုံးဝန်ထမ်းများအား တွေ့ဆုံပြီး ၂၀၀၈-၂၀၀၉ခုနှစ် ခိုင်မာစာကြည့်တိုက်များကို သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မြေနှင့်စာကြည့်တိုက်အဆောက်အအုံ ရေရှည်အသုံးပြုနိုင်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကွန်ကရစ်မြွန်တံတား

တနင်္သာရီတိုင်း ခမောက်ကြီးမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အဝင်လမ်း ကွန်ကရစ်မြွန်တံတား ဆောင်ရွက်မည့်နေရာကို တနင်္သာရီ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး စက်တင်ဘာ ၂၅ရက်ကစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့တာဝန်ခံနှင့် တာဝန်ခံအင်ဂျင်နီယာ တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ် သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် ဆေးအသစ်သုတ်မှုကို အောက်တိုဘာ၃ရက်က အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) အလှူပွဲ

ရန်ကုန် အောက်တိုဘာ ၂၉

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် အလှူပွဲကို နိုဝင်ဘာ ၈ရက် (စနေနေ့) နံနက် ၈နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၁၂ စဉ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သားများ တက်ရောက် ကုသိုလ်ယူကြပါရန် နိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်း

အလှူပွဲတွင် အလှူငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒေါ်သိန်းဟန် ဖုန်း-၀၉-၉၉-၇၃၇၃၁၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကံမြင့်(ငြိမ်း) ဖုန်း-၅၈၁၀၈၂နှင့် ဆရာ ဦးအောင်သန်း ဖုန်း-၃၈၇၃၄၂၊ အတွင်းရေးမှူး ဗိုလ်မှူးဖေသိန်း (ငြိမ်း) ဖုန်း-၅၇၉၄၅၅၊ ဘဏ္ဍာရေးမှူးဦးဝင်းကြွယ် ဖုန်း-၀၉-၅၁-၆၆၁၆၄၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်အေးမူ ဖုန်း-၀၉-၅၀-၅၆၉၇၀၊ အမှုဆောင်ဗိုလ်မှူးသန်းဌေး (ငြိမ်း) ဖုန်း-၀၉-၅၁-၃၇၁၉၂၊ ဒေါ်ခင်ဆွေရီ ဖုန်း-၃၉၄၂၆၈နှင့် အသင်းတိုက် ဖုန်း-၂၂၆၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ အသင်းတိုက်တွင် စိုက်ထူထားသည့် ပဒေသာပင်များ တွင်လည်း မိမိတို့နှစ်သက်ရာ လှူဒါန်းနိုင်ကြောင်း၊ အလှူပွဲပြီးသည့်အခါ လှူဖွယ်ဝတ္ထုအစုစုတို့ကို အလှူရှင်များ သွားရောက်ပို့ဆောင်ကြမည်ဟု သိရသည်။ (မြန်မာ့အလင်း)

နမ့်ခမ်းမြို့တွင် စာပေဟောပြောပွဲကျင်းပ

နမ့်ခမ်း အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့မိမြို့ဖများနှင့် စာပေချစ်မြတ်နိုးသူ စာပေဝါသနာရှင်များ ပူးပေါင်း၍ စာပေဟောပြောပွဲကို စက်တင်ဘာ ၁၄ရက် မွန်းလွဲ ၁နာရီက နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်က အဖွင့်အမှာစကား ပြောကြားပြီး လယ်တွင်းသားစောချစ်က ဘဝမှစာ၊ စာမှဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အကယ်ဒမီ သုမောင်က စာပေနှင့်ဂီတ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြရာ မြို့မိမြို့ဖ စာပေဝါသနာရှင်များ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

လက်ဆောင်ပေးအပ်

စာပေဟောပြောခဲ့ကြသည့် စာရေးဆရာများအား ကျင်းပရေးကော်မတီက အမှတ်တရ ဂါရဝပြု လက်ဆောင်များ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကျုံမငေးမြို့ စက်ရုံလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးလှဦး ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မင်းသန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ အမှတ်(၇)အထက်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

မော်လမြိုင် အောက်တိုဘာ ၂၆

မော်လမြိုင်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်(တနင်္ဂနွေနေ့)တွင် အထက(၇)နဝရတ်ဆောင်၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသက်(၆၀)ပြည့် အပူဇော်ခံ အငြိမ်းစားဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို လှူဒါန်း လိုပါက ဒေါ်ရှုကြည် ကျောင်းအုပ်ကြီး အထက(၇) ဖုန်း-၀၅၇-၂၇၀၄၀၊ ဦးစံလင်း (နေပါလီပွဲရုံ) ဖုန်း-၀၉-၅၃-၂၁၈၉၉၊ ဦးစန်းမြင့် (New Sky Restaurant) ဖုန်း-၀၅၇-၂၄၇၄၄၊ ဦးဇော်ဦးလွင်(ပြည်နယ်ကြက်ခြေနီရုံး) ဖုန်း-၀၉-၈၇-၀၂၉၀၈နှင့် ဦးထွန်းအောင်ကျော် (သုဝဏ္ဏဒီပဆေးဆိုင်) ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၁၆၆၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

အမြို့မြို့ အနယ်နယ် သတင်းများ

လားရှိုးမြို့နယ်ရှိ ဆင်းရွှေလီအစေ့ထုတ်ပြောင်းစိုက်ခင်း တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် လှည့်လည်စစ်ဆေး

လားရှိုး အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းက လားရှိုးမြို့နယ် မန်မော်ကျေးရွာအနီးရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံစံ စံပြဧက ၅၀၀စိုက်ခင်းသို့ရောက်ရှိပြီး စိုက်ခင်းအတွင်းမှ ထွက်ရှိသော အထူးအထွက်တိုး ဆင်းရွှေလီအစေ့ထုတ်ပြောင်းဖူးများ၏ အစေ့ထွက်နှုန်းကောင်းမွန်မှု၊ ရိတ်သိမ်းပြီးပြောင်းဖူးများအား ခြွေလှေ့နိုင်ရေးအတွက် အခြောက်လှန်းစင်များတွင် အခြောက်ခံနေလှန်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တစ်ရက်လျှင် ပြောင်းစေ့ တင်း၈၀မှ ၁၀၀အထိ ခြွေလှေ့နိုင်သော ဇီဝဒီဇယ်သုံး ပြောင်းခြွေစက်ဖြင့် ပြောင်းစေ့ ခြွေလှေ့နေမှု၊ ခြွေလှေ့ပြီး ပြောင်းစေ့များအား အရောင်တင်စက်ဖြင့် အရောင်တင်သန့်စင်နေမှုနှင့် စနစ်တကျ ထုပ်ပိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

အထူးအထွက်ကောင်း

အဆိုပါ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံစံ စံပြဧက ၅၀၀စိုက်ခင်းအတွင်းမှ ထွက်ရှိသော အထူးအထွက်ကောင်း ဆင်းရွှေလီ အစေ့ထုတ်ပြောင်းသည် တစ်ဧကလျှင် ပြောင်းစေ့ တင်း၇၀ခန့် ထွက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဘက်စုံစိုက်ပျိုးမွေးမြူရေး ဗဟိုစံပြစခန်းရှိ HI-Y အမျိုးအစား မိဘမျိုးရင်း အသားတိုး ကြက်ခြံအတွင်း မျိုးကြက်မ ကောင်ရေ ၃၀၀၀ကျော် မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြာရှည်အသုံးခံ

ဆက်လက်၍ တိုင်းမှူးသည် အမိုက်ထဲကရွှေ အဆင့်မြင့် မီးသွေးထုတ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း ကြာရှည်အသုံးခံ အဆင့်မြင့်မီးသွေးတောင့်များ ထုတ်လုပ်နေမှု အခြေအနေနှင့် ထုတ်လုပ်ပြီး မီးသွေးတောင့်များအား ဒေသအတွင်း ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် စနစ်တကျ ထုပ်ပိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖရီရှန်နို့စားနွားမွေးမြူရေးခြံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖရီရှန် နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိခဲ့ပြီး ဖရီရှန်နို့စားနွားများ မွေးမြူထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(ပြည်နယ် မြန်/ဆက်)

ဘိုကလေးမြို့နယ်ရှိ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ ၂၆ရက်တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံပြီး ကျေးရွာအတွင်း ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများ၊ အိမ်ခြံဝင်းများအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားမှုများ၊ သောက်သုံးရေအတွက် အဝီစိတွင်းတူးဖော်ထားမှုများနှင့် ကျေးရွာစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအတွက် အစားအသောက်နှင့် အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် မဂူကျေးရွာအုပ်စု ပိုးလောင်ရွာမကျေးရွာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဆောက်လုပ်လှူဒါန်းသော လူနေအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောက်ပမှီ၏။

အမှာစကားပြောကြား

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အသွေးမြှင့် သင်တန်းအမှတ်စဉ်(၁/၂၀၀၈) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အသွေးမြှင့်သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အသွေးမြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဝါရင့်သတင်းစာဆရာကြီးများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများ၊ သင်တန်းမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ သင်တန်းသား သင်တန်းသူ ၂၁ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၆ရက်အထိ ရက်သတ္တ ၁၂ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၅ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဝင်္ကဘာ)၌ ကျင်းပသည်။

ဟောပြောပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဒုတိယ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များ ဖြစ်ကြသော ဒေါ်ခင်မေစိုးနှင့် ဒေါ်သွဲ့သွဲ့ဝင်း၊ လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ ကယ်တင်ခြင်းတပ်၊ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အသင်း(ဝင်္ကဘာ)မှ အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာအေးမြတ်လွင်က **"စာဖတ်၍ လေ့ကျင့်ခြင်းဖြင့် အမျိုးသမီးဘဝ မြှင့်တင်ပေးခြင်း"**အကြောင်း သိကောင်းစရာကိုလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ခင်မြင်းက **"လူမှောင်ခိုနှင့် လူကုန်ကူးမှု"**အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှ အသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်း ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၂၉

အာရှအသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယမန်နေ့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။

အနိုင်ရ

ပြိုင်ပွဲ၏ ပတ်လည်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အောက်တိုဘာ ၃၀ရက် **(ယနေ့)** ညနေပိုင်းတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပီတ်သတင်း

အိန္ဒိယအရှေ့မြောက်ပိုင်း၌ ရေကြီး ကျေးရွာပေါင်း ၇၀ ကျော် ရေလွှမ်းခံရ

အက်ဆမ် အောက်တိုဘာ ၂၉

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကျေးရွာ ၇၀ကျော် ရေလွှမ်းမိုးခံရပြီး ထောင်ပေါင်းများစွာသော ပြည်သူများ ရေဘေးဒုက္ခကြုံတွေ့ကြရကာ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရကြောင်း အောက်တိုဘာ ၂၉ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ (အောက်ပုံ)

ရွှေ့ပြောင်းပေးခဲ့ရ

အဆိုပါ ရေကြီးမှုကြောင့် ကမ်ရပ်၊ လာကမ်ပါနှင့် ဆိုနစ်ပါစမော ခရိုင်သုံးခရိုင်တို့ ရေလွှမ်းလျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ ယင်းရေကြီးမှုကြောင့် လူဦးရေ ၇၀၀၀၀ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ကောက်ပဲသီးနှံစိုက်ခင်း အများအပြား ပျက်စီးခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)



မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

၁၉၆၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ

၁၉၆၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသား ကျောင်းသူများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၁၅ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ခနေဖြူ ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၅၀၄၁၈၊ ဦးချစ်လှိုင် ဖုန်း-၅၆၄၄၈၇၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၀-၀၀၆၉၀၊ ဦးမောင်မောင်အုန်း ဖုန်း-၆၁၀၇၂၄၊ ဦးမောင်မောင်(ဒိုက်ဦး)၊ ဒေါ်ခင်ဆွေရီနှင့် ဒေါ်ခင်လှမြင့် ဖုန်း-၂၅၂၈၂၄တို့သို့ ဆက်သွယ်နိုင်သည်။

(မြန်မာ့အလင်း)

ရန်ကုန်-စစ်တွေ လမ်းဘေးဝဲ/ယာ ပန်းအလှပင်စိုက်ပျိုး

ရန်ကုန်-စစ်တွေ ကားလမ်းနံဘေးတစ်လျှောက် မြက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်းကို အောက်တိုဘာ ၁ရက်က မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးကောင်းစည်ပင် ရေပိုက်လိုင်းများတပ်ဆင်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကုန်းတန်းကြီး ကျေးရွာအုပ်စုနေ ပြည်သူများပူးပေါင်း၍ စိမ့်စမ်းရေသွယ် ကျေးလက်ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန် ရေပိုက်လိုင်းများ ဆက်သွယ်တပ်ဆင်မှုကို အောက်တိုဘာ ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးယဉ်မင်းကျော်တို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (၀၀၁)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မြင်းမူ၌ ကွင်းဆင်းဆွေးနွေး

မြင်းမူမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် တိုးပွားရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးသည် ဝန်ထမ်းများလိုက်ပါလျက် စက်တင်ဘာ ၂၄ရက်က မြင်းမူမြို့နယ် တွင်းကြီးကျေးရွာ ပြည်သူများနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကောလင်း-တောင်မော်လမ်း ချင်းကျောက်ခင်း

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ရန်ပုံငွေအဖြစ် ဆောင်ရွက်သည့် ကောလင်း-တောင်မော်လမ်း ကြူးတော်ကျေးရွာအတွက် ချင်းကျောက်ခင်း ကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို စက်တင်ဘာ၂၀ရက်က ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မော်လီငွေးတို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (၀၃၂)

သန်လျင်စည်ပင် ကျေးလက်ရေရရှိရေးဆောင်ရွက်

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သနပ်ပင်ကျေးရွာတွင် လုပ်ငန်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂)ဦးခင်မောင်ဝင်းက နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို အောက်တိုဘာ၂၇ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ကွင်းဆင်းကြီးကြပ်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သီပေါမြို့၌ မြေယာရှင်းအလှ ပြုပြင်

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေးနှင့် မြေယာရှင်းအလှ ပြုပြင်ထားမှုများကို အောက်တိုဘာ ၂၀ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အခြေခံစည်းရုံးရေး မွမ်းမံသင်တန်း တမူး၌ဖွင့်

စစ်ကိုင်းတိုင်း တမူးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အခြေခံစည်းရုံးရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက်၇နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦး အမှာစကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါ၌ အခမ်းအနားစီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အခမ်းအနားစီမံခန့်ခွဲမှုဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်းက အမှာစကားပြောကြားသည်။ (၀၇၁)

မြေပုံမြို့နယ်စည်ပင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် စက်တင်ဘာ၁၂ရက်က မြို့တွင်း ရေစီးမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အမှိုက်များနှင့် ရေဆိုးများမရှိစေရေး ရှင်းလင်းခြင်းလုပ်ငန်းများ ပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများ၏ အဋ္ဌမအကြိမ်အစည်းအဝေးသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆိုင်ရာ အာဆီယံကျွမ်းကျင်မှုလုပ်ငန်းအဖွဲ့ အစည်းအဝေးများမှ ထွက်ပေါ်လာသည့် ရလဒ်များဆွေးနွေး

အနာဂတ်လုပ်ငန်းများ၌ ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များ အတည်ပြု

နေပြည်တော် အောက်တိုဘာ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ၂၀ရက်မှ ၂၅ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အကြိမ်(၃၀)မြောက် အစည်းအဝေး၊ အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံ ဝန်ကြီးများ၏ အဋ္ဌမအကြိမ် အစည်းအဝေးနှင့် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးများသို့တက်ရောက်ပြီး အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တက်ရောက်

ဝန်ကြီးဗိုလ်ချုပ်ထွေးဦးသည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ ဒေဝူးဟိုတယ်၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

ဝန်ကြီးသည် အောက်တိုဘာ ၂၄ရက်တွင် ဒေဝူးဟိုတယ် Grand Ballroom ၌ ကျင်းပသည့် အာဆီယံနှင့်ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်သည်။

အမှာစကားပြောကြား

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာငုယင်စင်းဟုမ် တက်ရောက်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။

တွေ့ဆုံဂါရဝပြု

ထို့နောက် အာဆီယံနှင့်အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံ လယ်ယာနှင့်သစ်တော ဝန်ကြီးများသည် နံနက်၁၀နာရီခွဲတွင် သမ္မတနန်းတော်သို့ သွားရောက်၍ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာငုယင်မင်ကျစ်အား တွေ့ဆုံဂါရဝပြုကြသည်။

ဆက်လက်ကျင်းပ

အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ဝန်ကြီးများအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအတည်ပြု

အစည်းအဝေးများတွင် အာဆီယံဝန်ကြီးများက လယ်ယာနှင့်သစ်တောကဏ္ဍ၏ ဒေသတွင်း အရေးပါသည့်အခန်း၌ တည်ရှိနေမှုကို ထပ်လောင်းပြောကြားကြပြီး ဒေသတွင်း ပေါင်းစည်းရေးနှင့် ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆိုင်ရာ အာဆီယံကျွမ်းကျင်မှုလုပ်ငန်းအဖွဲ့ အစည်းအဝေးများမှ ထွက်ပေါ်လာသည့် ရလဒ်များကို ဆွေးနွေးကာ အာဆီယံ၏ အနာဂတ်လုပ်ငန်းများ၌ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းအတည်ပြုကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးနှင့် အာဆီယံနှင့်အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများ အဋ္ဌမအကြိမ်အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ပူးတွဲသတင်းထုတ်ပြန်မှု အခမ်းအနားကို အောက်တိုဘာ၂၄ ရက် ညနေ ၄ နာရီခွဲတွင် ဒေဝူးဟိုတယ် Grand Ballroom ၌ ကျင်းပပြီး အာဆီယံဝန်ကြီးများ အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၂၇ ရက်က ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ၌ ကီလိုဝပ်နာရီမီတာများ၊ ထရန်စဖော်မာများ၊ Circuit Breaker များ၊ Control Panels များနှင့် Relays များကိုစမ်းသပ်စစ်ဆေးခြင်း၊ မီတာအသစ်များကို စမ်းသပ်ချိန်ညှိ(Seal)ခတ်ခြင်း လုပ်ငန်းများကို လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ(ရန်ကုန်)သို့ စမ်းသပ်စစ်ဆေးရန် အပ်နှံရောက်ရှိလာသော ကီလိုဝပ်နာရီမီတာများ၊ ခေတ်မီစမ်းသပ်ခုံ (Test Bench) များဖြင့် အိမ်သုံးမီတာများအား လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် စမ်းသပ်စစ်ဆေးချိန်ညှိခြင်း ဆောင်ရွက်လျက်ရှိမှု၊ မီတာအသစ်များကို စမ်းသပ်ချိန်ညှိ(Seal) ခတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အလွန်ကြီးမားသော ဖရုံသီးကြီး

တရုတ်နိုင်ငံမြောက်ပိုင်း တီယန်ကျင်းမြို့ ဆီကင်ခရိုင်တွင် တည်ရှိသော ဖန်လုံအိမ်ကြီးတစ်ခုအတွင်း၌ စိုက်ပျိုးရေးနည်းပညာသစ်ဖြင့် အလွန် ကြီးမားလှသော ဖရုံသီးကြီးတစ်လုံး စိုက်ပျိုးပြသထားသည်ကို တွေ့မြင်ရသည်။ (အောက်ပုံ)

စံပြအဆောက်အအုံသစ်

မြေဆီလွှာမပါဘဲ စီးပွားဖြစ်စိုက်ပျိုးခြင်း၊ ရေစက်ချကာ ထိန်းချုပ်ရေပေးဝေသည့်စနစ်ဖြင့် ရေပေးခြင်းစသည်တို့ကဲ့သို့သော စိုက်ပျိုးရေးနည်းပညာသစ်များကိုပြသရန်နှင့် ယင်းခေတ်မီစိုက်ပျိုးရေး နည်းပညာများကို ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် အဆိုပါဖန်လုံအိမ်အဆောက်အအုံကြီးကို စံပြအဆောက်အအုံသစ်အနေဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ခရစ္စမတ်ကိတ်ကြီး

အိန္ဒိယနိုင်ငံ ကီရာလာမြို့ရှိ အဓိကထူးခြားသောလုပ်ငန်းရပ်များကို လုပ်ဆောင်ပြသလေ့ရှိသည့် အူဒေးဆာမူဒရာ (ယူဒီအက်စ်)ဟိုတယ်တွင် အမြင့်ပေ ၃၀၊ အလျားနှင့်အနံ နှစ်ပေစီရှိပြီး အလေးချိန်ကီလိုဂရမ် ၂၅၀၀ ရှိသည့် ခရစ္စမတ်ကိတ်ကြီးတစ်လုံး ပြုလုပ်ခဲ့ရာ ကမ္ဘာ့အကြီးဆုံး ခရစ္စမတ်ကိတ်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခြင်းခံခဲ့ရသည်။ **(အပေါ်ပုံ)**

အဆိုပါကိတ်ကြီးကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ၂၄ရက် ညစနာရီတွင် အတုံးပေါင်း ၂၂၀၀၀ လှီးဖြတ်ကာ ဆင်းရဲနွမ်းပါးသူများနှင့် ယင်းမြို့ရှိ ချို့တဲ့သူများအား ကူညီသည့်အသင်းအဖွဲ့များသို့ လှူဒါန်းခဲ့သည်။ ယင်းကိတ်ကြီးမတိုင်မီက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မာကျူရီဟိုတယ်၌ ၂၇ဒသမ ၆ပေမြင့်သောကိတ်ကြီးကို ပြုလုပ်ခဲ့ပြီး အတုံးပေါင်း ၁၉၂၁၂တုံး စိတ်ပိုင်းကာ ဂင်းနက်စ်မှတ်တမ်းတင်ထားခဲ့ဖူးသည်။**(အင်တာနက်ဓာတ်ပုံ)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

သူတို့အတွေးနှင့်အမြင်

***Don't complain about the snow on your neighbour's roof when your own doorstep is unclean.**

သင်၏ အိမ်အဆင်းအတက်၌ တင်နေသော နှင်းခဲများကိုဖယ်ရှား မရှင်းလင်းရသေးဘဲ အိမ်နီးချင်း၏ခေါင်မိုးပေါ်၌ နှင်းခဲများတင်နေသည့်အကြောင်း အပြစ်မပြောပါနှင့်။ **(သူတစ်ပါးမျက်ချေးသာမြင်ပြီး ကိုယ့်မျက်ချေးမမြင် မလုပ်ပါနှင့်)**

ကွန်ဖြူးရှပ်စ် (တရုတ်အတွေးအခေါ်ပညာရှင်)

***Learn as much by writing as by reading.**

ရေးသားနိုင်သမျှ ရေးသားပြုစုသကဲ့သို့ ဖတ်နိုင်သမျှဖတ်ပြီး မှတ်သားလေ့လာသင်ယူပါ။

လော့ဒ်အက်တန်(အမေရိကန်လူမျိုး အတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

ဆုံးမစကား နားထောင်လိုက်ကြပုံက ....

ကျောင်းတစ်ကျောင်းမှ အလယ်တန်းကျောင်းဆရာတစ်ဦးသည် သူကိုယ်တိုင်ပင် ငယ်စဉ်က မိဘများ၏ဆိုဆုံးမမှုကြောင့် သတ္တဝါများ၏အသက်သတ်ခြင်းနှင့် ငါးမျှားခြင်းတို့ကိုရှောင်ကြဉ်ခဲ့လေသည်။ ထို့ကြောင့် တပည့်များအား ၎င်းကဲ့သို့ ကောင်းသောအမွေကို ဆက်ခံနိုင်စေရန်အတွက် ဆုံးမလိုသဖြင့်-

ဆရာ ။ ။ တပည့်တို့ သတ္တဝါတွေရဲ့အသက် သတ်ဖြတ်မှုကိုအတတ်နိုင်ဆုံး ရှောင်ကြဉ်ကြရမယ်နော်။ အထူးသဖြင့် ငါးမျှားတဲ့အလုပ်ကို မလုပ်ကြပါနဲ့။ ဆရာပြောတဲ့အတိုင်း နားထောင်ကြရမယ်နော်။

တပည့်များ ။ ။ ဟုတ်ကဲ့ နားထောင်ပါ့မယ် ဆရာ။

၎င်းဆရာသည် ထိုသို့ကျောင်းသားများအား ဆုံးမစကား ပြောကြားပြီး တစ်ပတ်ခန့်ကြာသောအခါ အတန်းတွင်းရှိ တပည့်တစ်ဦးက အခြားတစ်ဦးအား ညွှန်ပြလျက်-

တပည့်တစ်ဦး ။ ။ ဆရာ... သူပေါ့၊ မနေ့က ငါးမမျှားဖို့ ဆရာ့ရဲ့ စကားကို နားမထောင်ဘဲ ငါးသွားမျှားတယ် ဆရာ။

ဆရာ ။ ။ ဟုတ်လား... မင်းကသူ့ကို ဘယ်နေရာကလှမ်းမြင်လိုက်လို့လဲ။

တပည့်တစ်ဦး ။ ။ ကျွန်တော်သူ့ကို တီကောင်တူးရာကနေ လှမ်းမြင်လိုက်တာပါ ဆရာ။

ဆရာ ။ ။ 'ဘာ'

စပိန်နိုင်ငံဆိုသည်မှာ ....

သတင်းအက်ဆေး

စပိန်နိုင်ငံသည် ဥရောပအနောက်တောင်ပိုင်းတွင် တည်ရှိသည်။ အတ္တလန္တိတ်သမုဒ္ဒရာနှင့် မြေထဲပင်လယ်ထိတွေ့ရာ လမ်းဆုံလမ်းခွ ဥရောပတိုက်နှင့် အာဖရိကတိုက်တို့ လမ်းဆုံလမ်းခွ၌ တည်ရှိသော်ငြား၊ ဗိုလ်ချုပ်ကြီးဖရန်ကို၏ (၃၆)နှစ်ကြာ အုပ်စိုးမှုအောက်တွင် နိုင်ငံတကာနှင့် အဆက်အဆံမရှိ အထီးကျန်ဘဝရောက်ခဲ့ရသည်။ ၁၉၇၅ ခုနှစ်ရောက်မှ ထိုဘဝက လွတ်မြောက်လာရသည်။

ဗိုလ်ချုပ်ကြီးဖရန်ကို ကွယ်လွန်သွားသောအခါ ဘုရင်ဂျူအန်ကာလို့စ်က နိုင်ငံတော်အကြီးအကဲဖြစ်လာသည်။ စပိန်နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲသည်။ စီးပွားရေးဖြစ်ထွန်းအောင်မြင်သည့်နိုင်ငံ ဖြစ်လာအောင် တည်ထောင်သည်။

၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက စည်းလုံးညီညွတ်သည့် စပိန်နိုင်ငံအတွင်း ဘာသာစကားနှင့် ယဉ်ကျေးမှု ထွေပြားခြင်းကို အမြတ်တနိုး ထိန်းသိမ်းပေးသည်။ နိုင်ငံကို ဒေသ ၁၇ ခုခွဲပြီး ကိုယ်ပိုင်တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့် အာဏာပိုင်အဖွဲ့အစည်းများ ကိုယ်စီရှိကြသည်။

နှိမ်နင်းပစ်

၁၉၃၆-၃၉ ခုနှစ်တွင် စပိန်ပြည်တွင်းစစ် ဖြစ်သည်။ ပြည်သူ ၃၅၀၀၀၀ အသက်ဆုံးရှုံးသည်။ ၁၉၃၉ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဖရန်ကို ဦးဆောင်သည့် အမျိုးသားရေးဝါဒီများက အောင်ပွဲခံသည်။ သမ္မတစနစ်လိုလားသူများကို ကွပ်မျက်၊ အကျဉ်းချ၊ ပြည်နှင်ဒဏ်ပေးကာ နှိမ်နင်းပစ်သည်။

၁၉၄၆-၁၉၅၀ပြည့်နှစ်တွင် ဖရန်ကိုအစိုးရကို ကုလသမဂ္ဂက ဝိုင်းပယ်သည်။ နိုင်ငံအများအပြားက သံအဆက်ဖြတ်ကြသည်။ ၁၉၅၅ခုနှစ်ရောက်မှ ကုလသမဂ္ဂသို့ ပြန်ဝင်ခွင့်ရသည်။

စတင်လိုက်

၁၉၅၉ခုနှစ်တွင် ဘက်စ်ဒေသလွတ်လပ်ရေး ရည်ရွယ်ချက်ဖြင့် ဘက်စ်အဖနိုင်ငံလွတ်လပ်ရေးဟု အဓိပ္ပာယ်ရသည့် အီးတီအေကို ဖွဲ့စည်းသည်။ ၁၉၆၁ခုနှစ်တွင် နိုင်ငံရေးသမားများ စီးနင်းလိုက်ပါသည့် ရထားလမ်းချော်စေရန် ကြိုးပမ်းမှုဖြင့် အီးတီအေက အကြမ်းဖက်လုပ်ရပ်ကို စတင်လိုက်သည်။

လုပ်ကြံသတ်ဖြတ်

၁၉၆၈ခုနှစ်တွင် စပိန်ပိုင် အနောက်အာဖရိကကိုလိုနီဖြစ်သည့် စပိန်ဂီနီကို လွတ်လပ်ရေးပေးသည်။ အီကွေတိုရီရယ်ဂီနီနိုင်ငံဖြစ်သည်။ ၁၉၇၃ခုနှစ် ဒီဇင်ဘာလတွင် ဘက်စ်စစ်သွေးကြွများအား အစိုးရက ကွပ်မျက်ခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ဘက်စ်အမျိုးသားရေးဝါဒီများက ဝန်ကြီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး လူဝီကာရေးရိုးဘလန်ကိုအား မက်ဒရစ် မြို့တော်၌ လုပ်ကြံလိုက်သည်။

၁၉၇၅ခုနှစ် နိုဝင်ဘာ၂၀ရက်တွင် ဗိုလ်ချုပ်ကြီးဖရန်ကို ကွယ်လွန်သည်။ နိုင်ငံတော်အကြီးအကဲရာထူးကို ဘုရင်ဂျူအန်ကာလို့စ်က ဆက်ခံသည်။ နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းသည်။ ၁၉၇၇ခုနှစ် ဇွန်လတွင် နှစ်ပေါင်း၄၀အတွင်း ပထမဆုံး ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပသည်။ ၁၉၇၈ခုနှစ်တွင် အီးတီအေ၏ နိုင်ငံရေးဂိုဏ်း ဟာရီဘက်တာဆူနာကို ထူထောင်ခဲ့သည်။

၁၉၈၁ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ဘက်က အာဏာသိမ်းမှု မအောင်မြင်ချေ။ ၁၉၈၂ ခုနှစ်တွင် လက်ယာစွန်းရောက်သူများ၏ အာဏာသိမ်းရန်ကြံမှုကို ဖော်ထုတ်နိုင်သည်။ နေတိုးအဖွဲ့သို့ ဝင်သည်။ ၁၉၈၆ ခုနှစ်တွင် အီးအီးစီသို့ဝင်သည်။

၁၉၉၅ခုနှစ်တွင် အတိုက်အခံ ပြည်သူ့ပါတီခေါင်းဆောင် ဟိုဆေးမာရီယာအက်ဇနာအား ကားဗုံးခွဲတိုက်ခိုက်သော်လည်း အသက်မသေပါပေ။ ၁၉၉၆ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၀ပြည့်နှစ် ရွေးကောက်ပွဲ၌ အက်ဇနာ၏ ပြည်သူ့ပါတီ(ပီပီ) အနိုင်ရခဲ့သည်။

အမိန့်ထုတ်

၂၀၀၄ခုနှစ် မတ်လရွေးကောက်ပွဲတွင် ဟိုဆေးလူဝီဂိုဒရီဂွက်ဇာပါတေရို၏ ဆိုရှယ်လစ်ဝါဒီများက အနိုင်ရသည်။ ထိုနှစ်ဧပြီလတွင် မစ္စတာဇာပါတေရိုဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ အီရတ်မှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အမိန့်ထုတ်သည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင်အီးယူဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုသည်။ ထိုနှစ်မေလတွင် အီးတီအေက လက်နက်စွန့်လွှတ်လျှင် ငြိမ်းချမ်းရေးဆွေးနွေးမည်ဟု စပိန်အစိုးရက ကမ်းလှမ်းသည်။ ၂၀၀၆ခုနှစ် မတ်လတွင် အီးတီအေက အပစ်အခတ်ရပ်စဲကြောင်း ကြေညာသည်။ ထိုနှစ်ဒီဇင်ဘာလတွင် မက်ဒရစ်လေဆိပ် ကားဗုံးခွဲ တိုက်ခိုက်ခံရပြီးနောက် အီးတီအေနှင့် ငြိမ်းချမ်းရေးဆွေးနွေးမည့် အစီအစဉ်ကို ဝန်ကြီးချုပ် ဇာပါတေရိုက ရပ်ဆိုင်းလိုက်သည်။ ၂၀၀၇ ခုနှစ် ဇွန်လတွင် အီးတီအေက အပစ်အခတ် ရပ်စဲထားမှုကို ရုပ်သိမ်းသည်။

၂၀၀၈ ခုနှစ် မတ်လပါလီမန်ရွေးကောက်ပွဲတွင် အာဏာရဆိုရှယ်လစ် အလုပ်သမားပါတီ ပြန်လည်ရွေးချယ်ခံရသည်။ ပြီးခဲ့သည့်ဧပြီလတွင် အစိုးရအဖွဲ့သစ်ကို ဝန်ကြီးချုပ် ဇာပါတေရို ထုတ်ပြန်ကြေညာသည်။

ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် ဤနိုင်ငံ၌ ၁၇ရာစုက ပန်းချီဆရာ ဗီလက်ဘက်မှအစ ၁၈ရာစု၊ ၁၉ရာစု ပန်းချီဆရာ ဂိုမာ အလယ်၊ ၂၀ရာစု ပြင်သစ်မှ ပန်းချီဆရာ ပီကာဆိုတို့အဆုံး သူတို့၏ စံတင်လောက်သည့် အနုပညာလက်ရာများနှင့် စပ်လျဉ်း၍ ဂုဏ်ယူမဆုံးရှိနေကြသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် အီးယူဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြု၊ ထိုနှစ်မေလတွင် အီးတီအေက လက်နက်စွန့်လွှတ်လျှင် ငြိမ်းချမ်းရေး ဆွေးနွေးမည်ဟု စပိန်အစိုးရက ကမ်းလှမ်း၊ ၂၀၀၆ ခုနှစ် မတ်လတွင် အီးတီအေက အပစ်အခတ်ရပ်စဲကြောင်း ကြေညာ၊ ထိုနှစ်ဒီဇင်ဘာလတွင် မက်ဒရစ်လေဆိပ် ကားဗုံးခွဲ တိုက်ခိုက်ခံရပြီးနောက် အီးတီအေနှင့် ငြိမ်းချမ်းရေးဆွေးနွေးမည့် အစီအစဉ်ကို ဝန်ကြီးချုပ် ဇာပါတေရိုက ရပ်ဆိုင်းလိုက်။

ကတ္တရာခင်း

ကန့်ဘလူမြို့ ဦးအောင်မြတ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေမျိုးနိုင်တို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကသာမြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီ သက်ကြီးလုပ်သားဟောင်းကြီးများနှင့် အာစရိယပူဇော်ပွဲကျင်းပ

ကသာ အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများ၏ ပထမအကြိမ် သက်ကြီးလုပ်သားဟောင်းကြီးများနှင့် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက် ညနေ ၃ နာရီက ကသာမြို့ အလုပ်သမားများ နားနေဆောင်၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ဦးစီးအရာရှိ ဦးနိုင်စိုးက အမှာစကား ပြောကြားပြီး မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ကြီးကြပ်ရေးမှူး ဦးကျော်ဆန်းထွန်းက ပူဇော်ပွဲကျင်းပရခြင်း အကြောင်းအရင်းကို ရှင်းလင်းတင်ပြကာ လုပ်သားများမှ လုပ်သားဟောင်းကြီးများအား ကန်တော့ခြင်းနှင့် ဦးစီးအရာရှိ ဦးနိုင်စိုးက လုပ်သားဟောင်းကြီး တစ်ဦးအား ဝါကျွတ်ကန်တော့လက်ဆောင် လှူဒါန်းကြောင်း သိရသည်။ (ယာမုံ) (မြို့နယ် ပြန်/ဆက်)

အနေးယာဉ်များ စည်းကမ်းနှင့်မောင်းနှင်ရေး ပညာပေးဆွေးနွေး

မြစ်ကြီးနား အောက်တိုဘာ ၂၄

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဂျွန်စယ်၊ ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးတင်ကိုကိုနှင့် အဖွဲ့ဝန်ထမ်းများသည် အောက်တိုဘာ ၃ ရက်က မြစ်ကြီးနားမြို့ပေါ်တွင် ပြေးဆွဲလျက်ရှိသော မြင်းလှည်း၊ လက်တွန်းလှည်း၊ ဆိုက်ကားများ အနေးယာဉ်ပါ စည်းကမ်းချက်များနှင့်အညီ ရှိမရှိ စစ်ဆေးခြင်း၊ မြို့ပေါ်လမ်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်ရေးအတွက် ပညာပေးဆွေးနွေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင် ချွတ်ယွင်းပျက်စီးနေသော စစ်ကိုင်းတိုင်း ဝန်းသိုမြို့နယ် ဘူတာရပ်ရှိ (ယာယီစည့်-၁) သိုလှောင်ရုံနှင့် ပင်လယ်ဘူးမြို့နယ် မြို့မ(၂)ရပ်ရှိ (ယာယီစည့်-၁) သိုလှောင်ရုံ စုစုပေါင်း နှစ်လုံးအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) တင်ဒါရောင်းချမည့်ရက်/အချိန် - ၅-၁၁-၂၀၀၈ ရက် (၀၉း၃၀) နာရီမှ (၁၆း၃၀)နာရီအထိ။
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၇-၁၁-၂၀၀၈ ရက် (၁၅း၀၀)နာရီ။
(ဂ) တင်ဒါသွင်းရမည့်နေရာ - မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊
(၁) တိုင်းမန်နေဂျာရုံး၊စစ်ကိုင်းတိုင်း၊မုံရွာမြို့။
(၂) မြို့တာဝန်ခံရုံး၊ ကောလင်းမြို့။

၂။ အဆိုပါ သိုလှောင်ရုံနှစ်လုံး၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါတင်သွင်းရမည့် နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၇၁-၂၂၈၂၄ စစ်ကိုင်းတိုင်း၊ တိုင်းမန်နေဂျာရုံး၊ မုံရွာမြို့နယ်ရုံးနှင့် ကောလင်းမြို့ရုံး ဖုန်း-၀၇၅-၄၂၂၈၀ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁နှင့် ၅)
ပေါင်းတည်မြို့နယ် တရားရုံးတော်၌
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်- ၆၉

ဒေါ်မြစပယ်ခိုင် အတွင်းလမ်း၊ ပျဉ်းပင်ကန် ရပ်ကွက်၊ ပေါင်းတည်မြို့။	**နှင့်**	ဒေါ်ခိုင်ခင်မာရီထွန်း(ခ) ဇင်မာ (ဘ) ဦးစံသိန်း အုတ်ဖို(၁)ရပ်ကွက်၊ ၃၉လမ်း ပေါင်းတည်မြို့။
တရားလို		**တရားပြိုင်**

(ယခုနေရပ်လိပ်စာမသိသူ တရားပြိုင် ခိုင်ခင်မာရီထွန်း သိစေရမည်)

သင့်အပေါ်၌ တရားလို မြစပယ်ခိုင်က ချေးယူသည့် ကျပ်ငွေ ၅၀၀၀၀၀/- ရလိုကြောင်းနှင့် လျှောက်ထားသည့် စွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် အောက်တိုဘာ ၃၁ရက်(၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သဇင်စိုး
တွဲဖက်မြို့နယ်တရားသူကြီး
ပေါင်းတည်မြို့နယ်တရားရုံး။

ဦးကျော်ထွန်းနိုင်(ခ)ကိုရဲ(ခ)အဘောက်ဟူစိန်(ခ)ဦးရဲမြင့်နှင့်

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းထိုက်တင်ဦး ၁၂/ပဘတ(နိုင်)၀၂၇၉၇၆၏ လွှဲအပ်ချက်အရ ကျွန်ုပ်၏မိတ်ဆွေက ၎င်း၏ကုမ္ပဏီစာရွက်စာတမ်းများအား ဘဏ်စာအုပ် ဖွင့်လှစ်နိုင်ရန်အတွက် ယခင်ကပင် ခင်မင်ရင်းနှီးခဲ့သူ ဦးကျော်ထွန်းနိုင် (ခ)ကိုရဲ(ခ)အဘောက်ဟူစိန်(ခ)ဦးရဲမြင့် ၁၂/ပဘတ(နိုင်)၀၁၆၅၆၄ အမှတ်၁၉၀၊ ၂၉လမ်း၊ ၈ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့အား ယုံကြည်စွာဖြင့် ခေတ္တပေးအပ်ခဲ့ပါသည်။

သို့သော် ဦးကျော်ထွန်းနိုင်က ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်း၊ ခွင့်ပြုခြင်းမရှိဘဲ သွင်းကုန်လုပ်ငန်းများကိုလုပ်ကိုင်ခဲ့သည်။ ကျွန်ုပ်၏မိတ်ဆွေမှ ထိုကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းပေးရန်တောင်းဆိုခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိဘဲ ရှောင်တိမ်းနေပါသည်။

သို့ဖြစ်ပါ၍ ယခုကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေပိုင် ကုမ္ပဏီစာရွက်စာတမ်းများကို ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ အမြန်ဆုံးလာရောက်ပေးအပ်ရန်နှင့် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ခဲ့သည့် သွင်းကုန်/ ထုတ်ကုန်လုပ်ငန်းကိစ္စအရပ်ရပ်အား လာရောက်ရှင်းလင်းရန် အသိပေးကြေညာလိုက်သည်။ လိုက်နာခြင်းမရှိက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမြင့်LL.B တရားရုံးချုပ်ရှေ့နေ (စဉ်-၃၀၅၂)၊
အမှတ် ၂၂၅၊ တတိယထပ်၊ အနော်ရထာလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁-၁၅၄၅၄။

အမည်ပြောင်း

ကွတ်ခိုင်မြို့ အထက တက္ကသိုလ်ဝင်တန်း (C)မှ မအားလီအား မခေါင်နံလီ ၁၃/ ကခန(နိုင်)၀၇၇၅၀၀ ဟု လည်းကောင်း၊ ၎င်း၏ မိဘအမည်မှန်မှာ ဦးသန်းမြင့်-ဒေါ်ဂျာမိုင်မှ ဦးတန်ဂွမ်း ၁၃/ ကခန(နိုင်)၀၅၄၄၄၀နှင့် ဒေါ်ဂျာဆိုင် ၁၃/ကခန(နိုင်) ၀၀၃၈၄၇ ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

အဖဦးဌေးအောင်၏ သမီး အထက(၁)ထားဝယ် နဝမတန်း(A)မှ မစုစန္ဒာဌေး ၆/ထဝန(နိုင်) ၁၁၄၉၆၁ အား မသဉ္ဇာစိုးဟု ပြောင်းလဲခေါ်ပါရန်။ **မသဉ္ဇာစိုး။**

ပျောက်ဆုံးခြင်း

၈ဂ/၇၇၈၀၏ အခွန်ကျေအစိမ်းရောင်စာရွက် ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀-၁၇၁၇၇။



အမည်ပြောင်း

ကွတ်ခိုင်မြို့ အထကတက္ကသိုလ်ဝင်တန်း(D)မှ အဖ ဦးထွန်းဝင်း၏ သား မောင်အုပ်စိုးထွန်းအား ယနေ့မှစ၍ မောင်မင်းသွေးကိုဟုပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသွေးကို။**

ဖခင်အမည်မှန်

ကွတ်ခိုင်မြို့ အထကတက္ကသိုလ်ဝင်တန်း (D)မှ မောင်စိုင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးယွတ်ငင်းလှိုင် ၁၃/မဆတ(နိုင်) ၀၁၄၀၃၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကွတ်ခိုင်မြို့ အထကတက္ကသိုလ်ဝင်တန်း (F)မှ မောင်ဟော်ကျင်ရန်၏ ဖခင်အမည်မှန်မှာ ဦးရှောင်းရှီ ၁၃/ကခန(နိုင်)၀၃၉၁၆၅ ဖြစ်ပါကြောင်း။

ရောင်းမည်

ရတနာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် ရတနာမွန်အိမ်ရာ၊ လေးလွှာ၊ ရေမီးစုံ၊ ရှေ့၊ နောက်၊ ဘေးဝရန်တာပတ်လည်၊ တိုက်ခန်းသစ်။

ဖုန်း- ၆၃၇၀၇၂၊
၀၉-၅၁-၂၅၄၁၄။

သင့်သွေးဖြင့် အသက်ကယ်ပါ

တရားမပုံစံအမှတ်-၁၄၄

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်

လျှောက်ထားကြောင်းအကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ-၁၁)
ရန်ကုန်တိုင်းတရားရုံးတော်၌
၂၀၀၈ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၀၄

၁။ ဦးအောင်နိုင်၊ ၂။ ဒေါ်ခင်ခင်ထွန်းအေး **လျှောက်သူ**

အမှတ် ၁၃၀၊ လုံးသွယ်လမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ အရွယ်မရောက်သေးသောသူငယ်နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

အမှတ် ၁၃၀၊ လုံးသွယ်လမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ (၁) ဦးအောင်နိုင်နှင့် (၂) ဒေါ်ခင်ခင်ထွန်းအေးတို့က အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ဥက္ကာအောင်နိုင်မှာ သားအရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ကိုယ်နှင့်ပစ္စည်းကို (၁)အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့် အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၄ ရက် (၁၃၇၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) နံနက် ၁၀ နာရီတွင် ပိုင်ဆိုင်ရန်ချိန်းချက်မှုသည်။

၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်ဌေး
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ဦးဘစိန်၏ ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဦးသိန်းညွန့်၏ ၁၉-၁၀-၂၀၀၈ရက်စွဲပါ "အများသိစေရန် ကြေညာချက်"ကို ကန့်ကွက်သော ဒေါ်ဝေဝေအောင်မှ

ပြန်လည်ရှင်းလင်းကြေညာချက်

အမှတ်(၁၄) ရွှေနှင်းဆီလမ်း၊ မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် မြေပိုင်ရှင် ဒေါ်မြတ်ဆုမွန်နှင့် ကျွန်မ ဒေါ်ဝေဝေအောင်တို့သည် ၂-၁၂-၂၀၀၆ရက်တွင် နှစ်ခန်းတွဲ၊ ခြောက်ထပ် ကန်ထရိုက်တိုက် ဆောက်လုပ်ရန် ကန်ထရိုက်ကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားဝင်ဆောက်လုပ်ခွင့် အမိန့်ရရှိသည့် ၂၁-၂-၂၀၀၈ ရက်မှစ၍ နှစ်ခန်းတွဲ၊ ခြောက်ထပ်ကန်ထရိုက်တိုက်ကို ဆောက်လုပ်ခဲ့ရာ ယခုအချိန်တွင် ခေါင်မိုးမိုးရန်နှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ မြေပိုင်ရှင်ဘက်မှ ကြေညာသကဲ့သို့ ကျွန်မဒေါ်ဝေဝေအောင်မှ မြေပိုင်ရှင်နှင့် တွေ့ဆုံခြင်းမရှိတော့ပါဆိုသည်မှာ မမှန်ကန်ပါ။ တွေ့ဆုံခဲ့သည့် အထောက်အထားများ ကျွန်မထံတွင်ရှိပါသည်။နှစ်ခန်းတွဲ ခြောက်ထပ် ကန်ထရိုက်တိုက် ဆောက်လုပ်ပြီးစီးရေးအတွက် ဆောင်ရွက်နေစဉ် မျှော်လင့်မထားသော သဘာဝဘေးဒဏ်များကြောင့် အနည်းငယ်ကြန့်ကြာခဲ့ခြင်းသာ ဖြစ်ပါသည်။ ယခုအခါတွင် အဆောက်အအုံဆောက်လုပ်ခွင့်သက်တမ်းတိုးမြှင့်ခြင်းကိစ္စ ဆောင်ရွက်ခြင်းနှင့် ကန်ထရိုက်တိုက်ကြီးကို ခေါင်မိုး မိုးရန်၊ သွပ်များအဆင်သင့်ရှိနေခြင်းတို့အပြင် အချောသပ်လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်မဒေါ်ဝေဝေအောင်နှင့် တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုထားကြသူများကို ကျွန်မဒေါ်ဝေဝေအောင်မှပင် တာဝန်ယူပါကြောင်း မြေပိုင်ရှင်နှင့် သက်ဆိုင်သူများသိသာရန် ကြေညာအပ်ပါသည်။

ဒေါ်ဝေဝေအောင်(ကန်ထရိုက်တာ) ၇/လပတ(နိုင်)၁၃၃၅၇၁
အမှတ် ၁၇၊ ရွှေနှင်းဆီလမ်း၊ မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများက မြန်မာမှုဓလေ့ စရိုက်အစဉ်အလာများ ကျင့်ဝတ်နီတိအသိအလိမ္မာတရားများ မြန်မာ့လူ့ဘောင်၌ အစဉ်နိုးကြားရှင်သန်နေအောင် စေ့ဆော်ပေးနိုင်

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ တိုင်းတစ်ပါးရဲ့ထိုးဖောက်လွှမ်းမိုးမှုကြောင့် ယိုယွင်းမသွားအောင်ထိန်းသိမ်းမြှင့်တင်

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၈ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား၌ ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး **"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"၊ "မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားရေး လက္ခဏာမပျောက်ပျက်စေရေးအတွက် အနုပညာစွမ်းအားဖြင့် စောင့်ရှောက်ပေးနိုင်ကြပါစေ"**လို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ✳

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၉

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် အသင်းကြီးကြပ်၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေး တိုင်းရင်းသား တိုင်းရင်းသူများ၊

စာမျက်နှာ ၆ ကော်လံ ၁ ❐

ဆုချီးမြှင့်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်သေး (မဟာဗုဒ္ဓဝင် တောထွက်ခန်း)ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မန်းသိင်္ဂီ ရုပ်စုံသဘင်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

30-10 (20).pmd 1 10/30/2008, 3:02 AM